မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၉၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နိုင်ငံကြီးအချို့ သူတစ်ပါးပြည်တွင်းရေးဝင်ရောက်စွက်ဖက် သြဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ် လွတ်လပ်ရေး၏တန်ဖိုးကို ကောင်းစွာသိမြင်နားလည်သော လူငယ်မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ထိန်းသိမ်းစောင့်ရှောက်

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသည့် ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် များလှစွာသော အသက် သွေး ချွေးတို့ကို အရင်းအနှီးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၉)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းခရီးစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး ချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ပြည့်ဝမှု၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မှုများဖြင့် နိုင်ငံတော်အဓွန့်ရှည်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက်လုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်ခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရေးပဝေသဏီကပင် အမိမြေပေါ်၌ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်ခဲ့ကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

ရေလှောင်တမံနှင့် တူးမြောင်းလုပ်ငန်းများ သေသပ်ခိုင်ခံ့ရေး ဆောင်ရွက် ဆည်ရေဖြင့် ဒေသစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် လုပ်ကိုင်

နေပြည်တော် ဇန်နဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ဆည်၊ ကန်ငယ်၊ ရေလှောင်တမံများ တည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ✻

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များ ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အမှုထမ်းဆောင်ခဲ့ခြင်းအတွက် စစ်မှုထမ်းနှစ်ဦးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တမာ ရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဆိပ်ဖြူမြို့နယ်တွင် တည်ဆောက်နေသော တမာရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက် **(ယနေ့)**သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အစဉ်ထာဝရ အလေးထားဂုဏ်ယူရသော သမိုင်းဝင် နေ့ထူးနေ့မြတ် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။ မြန်မာတို့သည် သမိုင်းစဉ်တစ်လျှောက် ဇာတိသွေး၊ ဇာတိမာန် ထက်သန်ပြီး တိုင်းတစ်ပါးက ထိပါးကျူးကျော်လာသူမှန်သမျှကို ခေါင်းငုံ့မခံဘဲ ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ခဲ့ကြသည့် အစဉ်အလာ ရှိသည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့က ကိုလိုနီနယ်ချဲ့တို့အား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံမှ တွန်းလှန်ဆန့်ကျင်သည့် တိုက်ပွဲများကို ဆင်နွှဲခဲ့ကြသည်။

ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အရင်း တည်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ၌ သက်စွန့်ကြိုးပမ်း ပါဝင်ဆင်နွှဲခဲ့ကြသဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အသက်သွေးချွေးများစွာ ပေးဆပ် ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းကို မြန်မာပြည်သူတစ်ရပ်လုံးက အစဉ်သတိရနေကြရမည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘွားများအစဉ်အဆက် အသက်နှင့်ရင်း၍ ရယူတည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထာဝစဉ်တန်ဖိုးထား ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ၂၇ရက်က ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးမြတ်ကျော်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၄-၁-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟဒယရွှင်လန်းအငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၆။	ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း-၁၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၂၀)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကလေးကုသဆောင်သစ် အုတ်မြစ်စီ

နေပြည်တော် ဇန်နဝါရီ ၃

ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်း ပဲခူးခရိုင်နှင့် ဝေါမြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ကျောင်းဆောင်သစ်ကို ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အမှတ်(၁)အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့် အလှူရှင်ဦးကျင်တီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားပြီး အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မတည်အလှူရှင် ဦးကျင်တီက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဝန်ကြီးနှင့် ဧည့်သည်တော်များသို့ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးက အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ဆောက်လှူဒါန်း

ယနေ့ ဖွင့်လှစ်သော ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀ အနံပေ ၃၀ ရှိ တစ်ထပ်အုပ်ညှပ် သွပ်မိုး အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၁၈၉ သိန်း အကုန်အကျခံ၍ အလှူရှင် ဦးကျင်တီ မိသားစု (ချမ်းသာဆောက်လုပ်ရေး)က တည်ဆောက် လှူဒါန်းခြင်း ဖြစ်သည်။

ယင်းနောက် သူရဲသမိန်ကျေးရွာ တိုက်နယ်ဆေးရုံ ကလေးကုသဆောင်သစ် အုတ်မြစ်စီ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် ဧည့်သည်တော်များက ကလေးကုသဆောင်သစ်ကို အုတ်မြစ်စီပေးကြသည်။ ရန်ကုန်မြို့နေ ဦးအေးမြင့်(ဦးအေးမြင့် အစာကြေ သွေးဆေးလျက်ဆား) မိသားစုက ငွေကျပ်သိန်း ၃၂၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းမည်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် သူရဲသမိန်ကျေးရွာ ရွာလည်ကျောင်းတိုက်၌ ကျေးရွာဘုန်းတော်ကြီး ကျောင်းများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပြီး သူရဲသမိန်ကျေးရွာ မူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် တိုက်နယ်ဆေးရုံရှေ့တွင် ကျင်းပသော စစ်တောင်းမြစ်ဖြတ် ရေကူးပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးသည် သူရဲသမိန်ကျေးရွာ အားကစားကွင်းတွင် ကျင်းပသော အားကစား ဝန်ကြီးဌာန ဝန်ကြီးဖလား ဒုတိယအကြိမ်မြောက် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တက်ရောက် ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဒုတိယဆုရ ကွမ်းဆိပ်ကျေးရွာအသင်းအား ငွေကျပ်တစ်သိန်းနှင့် အားကစားပစ္စည်းများ၊ ပထမဆုရ သူရဲသမိန်(က)အသင်းအား တံခွန်စိုက်ဆုဖလား၊ ငွေကျပ်နှစ်သိန်းနှင့် အားကစားပစ္စည်းများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ ဦးတင်မောင်ဝင်း-ဒေါ်ဖြူဖြူ၊ သားကြီး ကိုချစ်ဝင်း-မမေထက်ဦး၊ သမီး မစန္ဒာဝင်း၊ သားငယ် မောင်တင့်ဝင်းနှင့် မြေး ပြည့်ဖြိုးအောင်၊ မရွှန်းလဲ့ဝင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က လက်ခံယူစဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၃

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် စာပေအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဒီဇင်ဘာ ၁၄ ရက်က အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့တို့က စာဖတ်သူများ စိတ်ချမ်းမြေ့စွာ စာပေများဖတ်ရှုနိုင်ရေး၊ စာအုပ်စာပေများ စုဆောင်းရရှိရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရေး စသည်တို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို လေးလေးနက်နက် စွဲစွဲမြဲမြဲ ခံယူ မျိုးချစ်စိတ်ဓာတ် အားမာန်ဖြင့် နိုးကြားတက်ကြွစွာ အကောင်အထည်ဖော်

● ရှေ့ဖုံးမှ

မြန်မာနိုင်ငံ၏ သမိုင်းလမ်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် သမိုင်းမတင်မီကာလ နှစ်ပရိစ္ဆေဒများစွာကတည်းကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသော ပြည်ထောင်စုနိုင်ငံတော်ဖြစ်ကြောင်း တွေ့ရှိရပေမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းသည် တိုင်းရင်းသားလူမျိုးများ၏သမိုင်းဖြစ်ပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်သည့် ကာလများတွင် နိုင်ငံတော်၏အင်အား ခိုင်မာတောင့်တင်းခဲ့သည်ကိုလည်း တွေ့ရှိရပေသည်။ ပုဂံခေတ်တွင် ပထမနိုင်ငံတော်၊ တောင်ငူခေတ်တွင် ဒုတိယနိုင်ငံတော်၊ ကုန်းဘောင်ခေတ်တွင် တတိယနိုင်ငံတော်များကို ထူထောင်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ခိုင်မာတောင့်တင်းသော စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားများကို အထင်အရှား ပြသနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် ဒို့ပြည် ဒို့လူမျိုး ဒို့မင်း ဒို့အချုပ်အခြာအာဏာ ဒို့စာပေ ဒို့ယဉ်ကျေးမှု ဒို့ရိုးရာဓလေ့ဟူ၍ အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများဖြစ်ကြသည့်အပြင် လွတ်လပ်သော နိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အရသာကို ကောင်းစွာသိရှိကြသော လူမျိုးလည်းဖြစ်သည်။

၁၉ ရာစုနှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရသည့်အတွက် ထီးကျိုးစည်ပေါက်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ သို့ရာတွင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်စာပေ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားနိုင်သည့် စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေး၊ ဂုဏ်သိက္ခာအတွက် ဆတ်ဆတ်ထိမခံသည့် စိတ်ဓာတ်ဟူသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ပြည့်ဝသူများဖြစ်ကြသည်နှင့်အညီ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် အသက်၊ သွေး၊ ချွေးတို့ဖြင့် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

ယနေ့ခေတ်ကာလတွင် နိုင်ငံကြီးအချို့သည် သူတစ်ပါး၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းနယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ် ကျူးလွန်နေကြခြင်းသည် ခေတ်သစ်ကိုလိုနီစနစ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ခု၏ အချုပ်အခြာ အာဏာကိုထိပါးခြင်းပင်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံသားများအဖြစ်မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အရသာကို ကောင်းစွာသိမြင် နားလည်သော ယနေ့လူငယ်များသည် မျိုးဆက်သစ်များပီပီ အမိ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် နိုင်ငံ့အင်အား တောင့်တင်း၍ ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကိုလည်းကောင်း၊ လွတ်လပ်ရေးရပြီးသည့်နောက် တိုင်းရင်းသားညီအစ်ကိုချင်း စိတ်ဝမ်းကွဲ၍ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲခြင်းကြောင့် နိုင်ငံ့အင်အား ချည့်နဲ့ပြီး ပြည်သူတို့၏ လူနေမှုဘဝ နိမ့်ကျခဲ့ရသည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးဝါဒကို ချမှတ်ကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နေ့မအား၊ ညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးကို တစ်မျိုးသားလုံး၏ ပန်းတိုင်အဖြစ်သတ်မှတ်ပြီး ရှေးရှုဆောင်ရွက် ချီတက်လျက်ရှိပေသည်။

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားအင်အား ခိုင်မာတောင့်တင်းရေးသည် ပဓာနအကျဆုံး လိုအပ်ချက်ဖြစ်သည့်အလျောက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ညှိနှိုင်းဆွေးနွေးကာ အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့သောကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီဖြစ်ပေသည်။

အချို့သော လက်နက်ကိုင်အဖွဲ့များမှာမူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ပြီး အပြီးအပိုင် လက်နက်စွန့်လွှတ်ခဲ့ကြပြီ ဖြစ်ပေသည်။ ယင်းလက်နက်ကိုင် အဖွဲ့များမှ တိုင်းရင်းသားခေါင်းဆောင်များသည် မိမိတို့ဒေသတွင်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများတွင်ပါ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက် ရှိပေပြီ။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော် တစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့သည့် နယ်စပ်ဒေသများတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ အသီးသီးမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်သည့်အလျောက် ဆည်များ၊ တာတမံများ များစွာ တည်ဆောက်ခြင်း၊ မြစ်ရေတင်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနည်းပညာများပံ့ပိုးပေးခြင်းများကြောင့် သီးနှံစိုက်စွမ်းအားတိုးပွားလာပြီး ဝမ်းစာဖူလုံပိုလျှံသည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို ဖြည့်ဆည်းပေးနေပြီ ဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်ရေး ချောမွေ့ခြင်းသည် အဓိကကျသောကြောင့် ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းကူးတံတားများ၊ ရထားလမ်းကူးတံတားများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ခြင်း၊ မီးရထားလမ်းများ တိုးချဲ့ခြင်း၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းကြီးများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း စသည့် လူမှုစီးပွားအခြေခံ အဆောက်အအုံများစွာကို အရှိန်အဟုန်ဖြင့် နေ့မအား၊ ညမနား ဆောက်လုပ်ဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမကဘဲ ပြည်ထောင်စုတိုင်းရင်းသားတစ်ရပ်လုံး ချစ်ကြည်ရင်းနှီးပေါင်းစည်းရေးဆိုင်ရာ လူမှုအဆောက်အအုံများ တည်ဆောက်နေခြင်းလည်း ဖြစ်ပေသည်။

ခေတ်မီနိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုစွမ်းအားကို အခြေခံရမည် ဖြစ်ပေသည်။ ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများထူထောင်ရန် နိုင်ငံတော်က အားပေးလျက်ရှိပြီး စက်မှုဖွံ့ဖြိုးရေးအဆင့်ကို တက်လှမ်းလျက်ရှိသည်။ စက်မှုလုပ်ငန်းများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန်ဖွင့်လှစ်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အားပေးလျက်ရှိပေသည်။

တိုးတက်လာသည့် စက်မှုလုပ်ငန်းများနှင့်လူမှုဘဝများမြင့်မားမှုကို အထောက်အကူပြုနိုင်ရန် လျှပ်စစ်စွမ်းအား ကဏ္ဍကိုလည်း မြှင့်တင်လျက်ရှိပေသည်။

ဆက်သွယ်ရေးကဏ္ဍတွင်လည်း ခေတ်မီဆက်သွယ်ရေးစနစ်နှင့် နည်းပညာတိုးတက်မှု အသစ်များကို အသုံးပြုနိုင်ခြင်းကြောင့် နယ်စပ်အစွန်အဖျားဒေသများ အပါအဝင် နိုင်ငံအဝန်းမှာ ဆက်သွယ်ရေးလုပ်ငန်းများ လွှမ်းခြုံနိုင်ပြီဖြစ်သည်။

သဘာဝအရင်းအမြစ်စွမ်းအင်ရတနာသိုက်များဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေးကဏ္ဍကိုလည်း အောင်မြင်စွာတိုးချဲ့ရှာဖွေပြီး စီးပွားဖြစ် မြှင့်တင်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် သဘာဝအရင်းအမြစ်၏ ရတနာအသီးအပွင့်များကို မြန်မာပြည်သူများ စားသုံးနေကြရပြီ ဖြစ်ပေသည်။

နိုင်ငံတော်သစ် တည်ထောင်ရာတွင် တစ်မျိုးသားလုံး ပညာရည်အဆင့်မြင့်မားပြီး ထူးချွန်ထက်မြက်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံလုံလောက်စွာ ရှိနေမှသာလျှင် နိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာစွာပေါ်ထွန်းစေရန် အသိပညာရှင်၊ အတတ်ပညာရှင်များ ဒေသအလိုက် ဖြစ်ထွန်းလာစေရန်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ်၊ အကြံအစည်၊ အားထုတ်မှု၊ ဖန်တီးနိုင်မှုစသည့် အရည်အချင်းများဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍတွင် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ အခြေခံကျောင်းပေါင်း ၄၀၅၄၈ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး အဆင့်မြင့်ကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ကျောင်း ရှိလာပြီဖြစ်သည်။ အခြေခံပညာသင်ကျောင်းသား ဦးရေ ခုနစ်သန်း ရှစ်သိန်းကျော်ရှိပြီး တက္ကသိုလ်ကျောင်းသား ဦးရေမှာ ခုနစ်သိန်းကျော် ရှိနေပြီဖြစ်ပေသည်။ တက္ကသိုလ်များတွင် ပါရဂူသင်တန်းများအထိ သင်ကြားပို့ချကာ နိုင်ငံတကာအဆင့်မီ ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီဖြစ်သည်။ သင်ယူမှုအခွင့်အလမ်းများ တိုးတက်လာခြင်း၊ ပညာရည်မြင့်မားလာခြင်း၊ ဘာသာရပ်များရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဟူသော အကျိုးရလဒ်ကောင်းများကို ရရှိနေပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ခေတ်မီကိရိယာများ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံ ကျန်းမာရေးတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်း ၁၆ ခုဖွင့်လှစ်ကာ ဆေးဘက်ဆိုင်ရာ ပညာရှင်များစွာ မွေးထုတ်ပေးလျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုမြင့်မားလာသည်နှင့်အမျှ လူ့သက်တမ်းသည်လည်း တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းစဉ်များအပါအဝင် ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ်ကို အလေးပေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက် ကျင့်သုံးလျက်ရှိသည်နှင့်လျော်ညီစွာ နိုင်ငံတကာရေးရာများ၊ ကမ္ဘာ့ပြည်သူများ၏ အရေးအရာများ၊ ကမ္ဘာ့ကြီး ငြိမ်းချမ်းသာယာရေး လုပ်ငန်းများတွင် နှောင်ကြိုးအငင်မခံရဘဲ လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံကာ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးကိုလည်း အစဉ်ရှေးရှုလျက်ရှိပေသည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကိုအခြေခံ၍ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သွားရန် အလေးပေးဆောင်ရွက်လျက်ရှိပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးများအတွက် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်းကောင်း၊ အာဆီယံ၊ ဘင်းစတက်နှင့် မဟာမဲခေါင်ဒေသ စသောဒေသဆိုင်ရာ အဖွဲ့အစည်းများတွင်လည်းကောင်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာနိုင်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကိုလည်း ခိုင်မာသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ဖွဲ့စည်းထားပြီး စည်းရုံး လေ့ကျင့်ပေးထားသော လူငယ်လူလတ်များဖြင့် အမျိုးသားရေးဆိုင်ရာ လုပ်ငန်းရပ်များစွာကို လှုပ်ရှားဆောင်ရွက်နေကြပြီ ဖြစ်ပေသည်။

ယင်းသို့ အဘက်ဘက်မှ အားသွန်ခွန်စိုက် တည်ဆောက်နေမှုများသည် နိုင်ငံတော်သစ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ပန္နက်တင်နေခြင်းပင်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကြီးကျင်းပ၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပေသည်။ ဤမူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေ တည်ဆောက်နိုင်မည်ဟူသည့် ခိုင်ကျည်မြဲမြံသော သန္နိဋ္ဌာန်ဖြင့်–

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(၃) ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး

ဟူသော ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်ခဲ့ပေသည်။ ကျွန်ုပ်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် ဤအမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို လေးလေးနက်နက် စွဲစွဲမြဲမြဲ ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အားမာန်ဖြင့် နိုးကြားတက်ကြွစွာ စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

တရုတ်နိုင်ငံ ကျေးလက်ဒေသများတွင်
၂၀၁၀ ပြည့်နှစ်၌ စာကြည့်တိုက်ပေါင်း နှစ်သိန်းထူထောင်မည်

ပေကျင်း ဇန်နဝါရီ ၃

တရုတ်နိုင်ငံ ကျေးလက်ဒေသများ၌ ၂၀၁၀ ပြည့်နှစ်တွင် စာကြည့်တိုက်ပေါင်းနှစ်သိန်း ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များ ထူထောင်ပေးခြင်းဖြင့် တရုတ်လယ်သမားများ ဗဟုသုတမြင့်မားလာပြီး ချမ်းသာကြွယ်ဝမှု လျင်မြန်လာမည်ဖြစ်ကြောင်း မကြာမီက ထုတ်ပြန်သော တရုတ်အစိုးရ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြသည်။

ယခုကဲ့သို့ စီမံကိန်းချမှတ် ဆောင်ရွက်ခြင်းသည် လယ်သမားများအနေဖြင့် စာကောင်းပေမွန်များကို ဖတ်ရှုရေးအတွက် အချိန်ကြာမြင့်စွာ တွေ့ကြုံနေရသော အခက်အခဲတစ်ရပ်ကို ဖြေရှင်းနိုင်ရန် အကူအညီပေးသည့် ကျေးလက်စာကြည့်တိုက်စီမံကိန်းပင်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲ လောင်စင်မင်းက ပြောကြားသည်။

ကျေးလက်စာကြည့်တိုက်များတွင် စာကြည့်တိုက်အသီးသီး၌ စာအုပ်ပေါင်း ၁၀၀၀၊ သတင်းစာအမျိုးအစားပေါင်း ၃၀၊ ရုပ်မြင်သံကြားစက်များနှင့် အသံသွင်းချက်များ ပါဝင်ထည့်သွင်းပေးထားမည်ဖြစ်ကြောင်း၊ လယ်သမားများအား နားလည်မှုနှင့်သိရှိမှုကို အပြည့်အဝရရှိအောင် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထောက်ပံ့

အဆိုပါကျေးလက်စာကြည့်တိုက်များအား တရုတ်အစိုးရ ရန်ပုံငွေမှ စိုက်ထုတ်အကုန်အကျခံမည်ဖြစ်သလို လူမှုရေးအဖွဲ့အစည်းမှ အလှူငွေများမှလည်း ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစောပိုင်း၌ တရုတ်နိုင်ငံရှိ ပြည်နယ်နှင့် မြူနီစီပယ်ဒေသ ၁၀ခု ကျော်တွင် ကျေးလက်စာကြည့်တိုက်ပေါင်း ၃၀၀၀ကျော် ထူထောင်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ အနောက်ပိုင်း ကျိုတိုမြို့ရှိ ကင်ကာကူဂျီ (ခေါ်) ရွှေကျောင်းဆောင်သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်နေကြသည်ကို ဇန်နဝါရီ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ၏ ဆေးဝါးသုတေသနလုပ်ငန်း ၂၀၁၀ ပြည့်နှစ်၌ ဂရာခိုင်နှုန်းတိုးတက်မည်

မွမ်ဘိုင်း ဇန်နဝါရီ ၃

အိန္ဒိယနိုင်ငံ ပြည်တွင်းဆေးဝါးလုပ်ငန်း၏ သုတေသနပြုမှုနှင့် ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ၂၀၁၀ပြည့်နှစ်တွင် ဆေးဝါးသုတေသနလုပ်ငန်းများ ၈ရာခိုင်နှုန်းနှင့် ၉ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ဆေးဝါးလုပ်ငန်းအဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လောလောဆယ်၌ ပြည်တွင်းဆေးဝါးထုတ်လုပ်မှု ဖွံ့ဖြိုးရန်နှင့် သုတေသနပြုမှုများအတွက် ဆေးဝါးရောင်းချရမှု၏ သုံးရာခိုင်နှုန်းခန့်ကို သုံးစွဲနေကြောင်း၊ ယခု ၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း သုံးစွဲနိုင်မှု ၅ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းဆေးဝါးထုတ်လုပ်မှု ဖွံ့ဖြိုးရန်နှင့် သုတေသန ပြုမှုများအတွက် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ကတည်းကပင် ဆေးဝါးရောင်းချရမှု၏ ၈ရာခိုင်နှုန်းမှ ၉ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုရန် ရည်မှန်းထားခဲ့သည်။

အမ်အင်အေ၊ပီတီအိုင်

ဘရာဇီးသမ္မတလူလာ ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

ဘရာဆီးလီးယား ဇန်နဝါရီ ၃

ဘရာဇီး လက်ရှိသမ္မတ လူးဝစ်အနာစီယိုလူလာဒါဆေးလီဗားသည် အောက်တိုဘာ ၂၉ ရက်က ရွေးကောက်ပွဲတွင် ပြန်လည်ရွေးချယ်ခံရပြီးနောက် ဒုတိယလေးနှစ်သက်တမ်းအတွက် ဇန်နဝါရီ ၁ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

လက်ရှိ တာဝန်ထမ်းဆောင်နေသော အဆိုပါသမ္မတသည် ဘရာဇီးတစ်နိုင်ငံလုံးက လူလာဟုလူသိများကြပြီး ၎င်းသည် ၁၉၄၅ ခုနှစ်တွင် မွေးဖွားကာ ဘရာဇီးအရှေ့မြောက်ပိုင်း ပါနန်ဘူကို ပြည်နယ်သားဖြစ်သည်။ ၎င်းအား မွေးဖွားပြီးနောက် ဆော်ပေါလို ပြည်နယ်သို့ ၎င်း၏ မိသားစုနှင့်အတူ လိုက်ပါလာခဲ့သည်။

ပါဝင်လာ

၎င်းသည် မော်တော်ကားစက် အစိတ်အပိုင်းထုတ်လုပ်သည့် စက်ရုံတစ်ရုံ၌ ဝင်ရောက် အလုပ်လုပ်ကိုင်ရာမှ ကုန်သွယ်ရေးသမဂ္ဂတွင် အဓိက ဦးဆောင်အခန်းမှ ပါဝင်လာခဲ့သည်။

ဒုတိယသက်တမ်း

သမ္မတလူလာသည် ၂၀၀၆ ခုနှစ် အောက်တိုဘာလက ရွေးကောက်ပွဲတွင် မဲ ၆၀ ဒသမ ၈ဖြင့် အနိုင်ရခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ သမ္မတရာထူးကို ဒုတိယသက်တမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်း ၅၀၀ခန့်က ကျားအရေခွံ

လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ခန့်က ကျားတစ်ကောင်၏ အရေခွံတစ်ခုကို ပြသနေစဉ်။(ယာပုံ)

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်တွင်နေထိုင်သော တရုတ်မိသားစုတစ်စုက မျိုးရိုးစဉ်ဆက်ထိန်းသိမ်းခဲ့သော ကျားအရေခွံကြီးတစ်ခုမှာ အရှည် ၂ ဒသမ ၃ မီတာရှိကြောင်း၊ ၎င်းကျားအရေခွံကို နှစ်ပေါင်း ၅၀၀ ခန့် ရှည်ကြာစွာထိန်းသိမ်းခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး စက်ဘီး

ကမ္ဘာ့အကြီးဆုံး စက်ဘီးတစ်စီးအား တွေ့ရစဉ်။(ဝဲပုံ)

ဂျာမနီနိုင်ငံ ကိုလ်ပင်မြို့မှ ဒီဒီဆင့်ဖ်အမည်ရှိ အမျိုးသားတစ်ဦးက ပြုလုပ်ခဲ့သော စက်ဘီးမှာ အရှည် ၇ဒသမ၈မီတာ၊ အမြင့် ၃ဒသမ၇ မီတာရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး စက်ဘီးကြီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်လေကြောင်းလိုင်း နိုင်ဂျီးရီးယားသို့ ပထမဆုံးပျံသန်း

လေဂို့စ် ဇန်နဝါရီ ၃

ချိုင်းနားဆော့သင်း လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိက စီးပွားရေးအချက်အချာကျရာမြို့တော် လေဂို့စ်မြို့သို့ ဇန်နဝါရီ ၁ရက်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ယင်းခရီးသည်တင် လေယာဉ်သည် မြို့တော်ပေကျင်းမှ ညသုံးနာရီ မိနစ် ၄၀တွင် စတင်ပျံသန်းထွက်ခွာလာရာ ဒူဘိုင်းတွင် တစ်ထောက်နားကာ လေဂို့စ်မြို့သို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိသည်။

အဆိုပါ လေကြောင်းပျံသန်းမှုသည် တရုတ်လေကြောင်းလိုင်းက တရုတ်နှင့်အာဖရိကအကြား ပုံမှန်ခရီးစဉ်များ ပျံသန်းသွားရန် ကမ်းလှမ်းခဲ့ပြီးနောက် စတင်ပျံသန်း ခြင်းဖြစ်သည်။

ပျံသန်း

ချိုင်းနားဆော့သင်း လေကြောင်းလိုင်းသည် အဲဘတ် ၃၃၀လေယာဉ်ကြီးဖြင့် တစ်ပတ်သုံးကြိမ် ပေကျင်းမှ လေဂို့စ်သို့ ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ယင်းလေယာဉ်မှာခရီးသည် ၂၆၀ တင်ဆောင်နိုင်ကြောင်း၊ စီးပွားရေးအရ ပုံမှန်လက်မှတ်တစ်စောင်လျှင် ယွမ် ၆၄၀၀(အမေရိကန်ဒေါ်လာ ၈၁၉ ဒေါ်လာ)၊ အထူးလက်မှတ်တစ်စောင်လျှင် ယွမ် ၁၆၀၀၀(အမေရိကန်ဒေါ်လာ ၁၁၂၆ဒေါ်လာ)ဖြစ်ကြောင်း၊ ပျံသန်းမှု ခရီးစဉ်တစ်ကြောင်းလျှင် ၁၆နာရီ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ခါလစ်မြို့၌ ဗုံးပေါက်ကွဲ ကိုးဦးသေဆုံး၊ ၁၁ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၃

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ခါလစ်မြို့တွင် ဒီဇင်ဘာ ၂၉ရက်က အသေခံဗုံးခွဲမှုကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

မြို့တော်အရှေ့မြောက်ဘက် ၇၅ ကီလိုမီတာဝေးသည့် ခါလစ်မြို့မှ ဝတ်ပြုသူများကို အသေခံ ဗုံးခွဲသူက ရည်မှန်းဗုံးခွဲခြင်းဖြစ်သည်။ ထိုမြို့မှ ဂိုဏ်းဂဏအကြမ်းဖက် တိုက်ခိုက်မှု မကြာခဏဖြစ်ပေါ်သည့် မြို့ဖြစ်သည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်တွင်းဖြစ်အာကာသယာဉ် ပီရူးလွှတ်တင်

လီမာ ဇန်နဝါရီ ၃

ပီရူးနိုင်ငံသည် ပီရူးသိပ္ပံပညာရှင်များက ကိုယ်တိုင်တည်ဆောက်ခဲ့သော အာကာသယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်နိုင်ခဲ့ကြောင်း လေတပ်အရာရှိတစ်ဦးက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ယင်း အာကာသယာဉ်ကို ပေါလက်-၁ ဟု အမည်ပေးထားပြီး ယင်းကို ပီရူးနိုင်ငံ လီမာမြို့တော်၏တောင်ဘက် ကီလိုမီတာ၅၀အကွာ ပူကူဆာနာပြည်နယ်ရှိ ပန်တာလိုဘော့စ်ပီရူး လေတပ်အခြေစိုက်စခန်း (အက်ဖ်အေပီ)မှ ဒီဇင်ဘာ ၂၆ရက်ညနေ ၃နာရီခွဲတွင် လွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း လေတပ်ဗိုလ်မှူးကြီး ဝေါ့ဖ်ဂန်ဒူပေရက်က ပြောကြားသည်။

ယင်း အာကာသယာဉ်သည် ၂ ဒသမ ၇၂ မီတာရှည်ပြီး ၎င်းကို ပီရူးကျွမ်းကျင်ပညာရှင်များက ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၀၇

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နာရဒ
မဟာသုဗောဓာရုံကျောင်းတိုက်၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ နရိန္ဒာစာရ
တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၃။ ဘဒ္ဒန္တ သောဘန သောဘနာဝါသကျောင်း၊ မြသိန်းတန်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိသာရဒ မဟာဝိဟာရပရိယတ္တိစာသင်တိုက်၊ ကော့ဘိန်းရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။

၂။ ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တ သိဟဉာဏာဘိဝံသ ဆံတော်တွင်းကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၄။ ဘဒ္ဒန္တ ပဏ္ဍိတ ရွှေညောင်ပင်ကျောင်းတိုက်၊ ရှာဘဲရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၅။ ဘဒ္ဒန္တ သေဋ္ဌိလ ပစ္ဆိမာရုံဘုရားကြီးကျောင်းတိုက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၆။ ဘဒ္ဒန္တ ဝိစိတ္တ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တ ဩဘာသာဘိဝံသ ရေနံချောင်းကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်း။

၈။ ဘဒ္ဒန္တ သီလာစာရ ပထမကျော်ဓမ္မာစရိယတိုက်သစ်ကျောင်းတိုက်၊ ဝန်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၉။ ဘဒ္ဒန္တ သာဂရာဘိဝံသ သာယာဝင်းကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တ သောမ မဏိရတနာပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၁၁။ ဘဒ္ဒန္တ သဒ္ဓိယ ပုညနိမ္မိတာရုံရွှေသုဝဏ်ကျောင်းတိုက်၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ဘဒ္ဒန္တ ပဏ္ဍိစ္စ သာယာဝတီကျောင်း၊ စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ဘဒ္ဒန္တ သုတာလင်္ကာရ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၄။ ဘဒ္ဒန္တ ဇောတိက ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၅။ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၆။ ဘဒ္ဒန္တ အဂ္ဂဓမ္မ ဓမ္မရောင်ခြည်စာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသ မိုင်းသောင်ပထမကျောင်း၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တ ကောဏ္ဍည မန်ဆူဘုရားကြီးကျောင်းတိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၉။ ဘဒ္ဒန္တ သုမန စက်ရုံကျောင်းတိုက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

၂၀။ ဘဒ္ဒန္တ ခေမိန္ဒ ပစ္ဆိမာရုံစာသင်တိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၁။ ဘဒ္ဒန္တ ဥဒူဂါမသိရီဓမ္မဒဿိရတနပါလထေရ် (Ven. Udugama Sri. Dhammadasse Ratanapala Thero)Asgiriya၊ မဟာဝိဟာရကျောင်းတိုက်၊ ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ။

၂၂။ ဘဒ္ဒန္တ ကောတူဂေါဒဓမ္မဝါသထေရ် (Ven. Kotugoda Dhammawasa Thero)၊ သီရိဓမ္မပါလာရာမကျောင်းတိုက်၊ လာဘီးနီးယားတောင်၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ။

မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ပညာဝံသ ရွှေပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဓမ္မသာရ ဓမ္မသာရကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ ဇာဂရ သဒ္ဓမ္မအလင်းရောင်ကျောင်းတိုက်၊ အတွင်းတောင်ကိုးလုံး၊ အင်းတကော်စံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

၃။ ဘဒ္ဒန္တ ဉာဏဓဇ ပြည်တော်အေးကျောင်းတိုက်၊ ရှမ်းပွဲရပ်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တ ကုလနန္ဒက ဓမ္မမာမကကျောင်း၊ ညောင်ကန်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တ ဆန္ဒာဓိက ရွှေပါရမီတောရ၊ လိပ်အင်းရပ်၊ သထုံမြို့၊ မွန်ပြည်နယ်။

၆။ ဘဒ္ဒန္တ ပညာနန္ဒ ဇယမင်္ဂလာကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၇။ ဘဒ္ဒန္တ ဥတ္တရ၊ မဏ္ဍလာရာမပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နာဂဝံသ မွန်ပရိယတ္တိကျောင်းတိုက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ပညာသိရီ ရွှေသိမ်တော်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တ ဝိမလ ငပရင်းကျောင်းတိုက်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ ကုသလ လေးထပ်ကျောင်း၊ ကသာမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ ပဏ္ဍိတ မြို့မရွှေဂူကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ ပညာဝံသ ဓမ္မပါရဂူကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တ သဒ္ဓမ္မဓဇ ဝိဇယရုံသီကျောင်း၊ ကျစွာချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ တေဇဝန္တ မဟာဝိသုဒ္ဓါရုံကျောင်း၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တ ဇောတိက ပဲခူးပရိယတ္တိကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ ပညာဇောတ ရွှေအောင်ရွှေးပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၁။ ဘဒ္ဒန္တ အဂ္ဂဉာဏ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၂။ ဘဒ္ဒန္တ ကုလနန္ဒကာဘိဝံသ ကန်ဦးကျောင်း၊ ရှာဘဲ၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၃။ ဘဒ္ဒန္တ ပညောဘာသ မဟာထူပါရုံကျောင်း၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၄။ ဘဒ္ဒန္တ ဩဘာသ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်း၊ ဆံတော်ရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၅။ ဘဒ္ဒန္တ ကေတု မဟာဝိသုတာရာမတိုက်၊ စလင်းမြို့၊ မကွေးတိုင်း။

၁၆။ ဘဒ္ဒန္တ သောဘိတ သာသန ဝုမုကာရီစာသင်တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၁၇။ ဘဒ္ဒန္တ ဝေဒိယ သာသနဝိပုလာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၁၈။ ဘဒ္ဒန္တ ကုလသရာဘိဝံသ ဝိသုဒ္ဓါရုံ ရေဦးကျောင်းတိုက်၊ ယဉ်တော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တ သုဝဏ္ဏာလင်္ကာရ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တ မုနိန္ဒဃောသ၊ လယ်ကိုင်းအရှေ့ကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ သုမန ပညာရာမိကမြို့ဦးကျောင်းတိုက်၊ အောင်ဇေယျာရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၂။ ဘဒ္ဒန္တ ကေသရ မြို့သစ်ကျောင်းတိုက်၊ မတ္တရာမြို့၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တ နရိန္ဒဝရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ မြတ်ရတနာကျောင်း၊ မဟာဂန္ထရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တ နာယက အရှေ့တိုက်တော်ကျောင်းတိုက်၊ စမ်းမြရောင်ခြည်ကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တ ဇောတိပါလ သီရိမာလာပခုက္ကူကျောင်း၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တ နိယတသေဋ္ဌ အောင်မြန်မာကျောင်း၊ ငွေးချိုတိုက်၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တ ဥက္ကဋ္ဌ တောင်ပြင်ထီးလင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တ သီလာနန္ဒ သာသန ဝေပုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တ ဥတ္တမ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၁။ ဘဒ္ဒန္တ ကုလသရာလင်္ကာရာဘိဝံသ ပရိယတ္တိလင်္ကာရကျောင်း၊ အရှေ့ဆင်တဲတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၂။ ဘဒ္ဒန္တ ဇာနိယာဘိသိရီ ရေပန်းကျောင်းတိုက်၊ ဒေးဝန်းအရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၃၃။ ဘဒ္ဒန္တ ရာဝိက သုမင်္ဂလာရာမိကကျောင်း၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။

၃၄။ ဘဒ္ဒန္တ နန္ဒသိရီ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၃၅။ ဘဒ္ဒန္တ ကုလနန္ဒဝံသာဘိဝံသ ပညာပါရမီစာသင်တိုက်၊ ပုဏ္ဏားကျွန်းမြို့၊ ရခိုင်ပြည်နယ်။

၃၆။ ဘဒ္ဒန္တ သုမန ဒေဝသာဂရ သိမ်ကုန်းကျောင်း၊ ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဘဒ္ဒန္တ ခေမိန္ဒ အင်ဒိုဖိုလ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဒေါက်တာ ဘဒ္ဒန္တ ရေဝတာလင်္ကာရ၊ ပိုက်ကြီးဝဲ အရှေ့ကျောင်း၊ မဟာဝိဇိတာရာမစာသင်တိုက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တ စန္ဒိမာ ပါဒကြီး ပရိယတ္တိစာသင်တိုက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တ ကုသလ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တ ပညာနန္ဒ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တ ကုမာရ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဘဒ္ဒန္တ ပညာဝံသ အောင်ချမ်းသာကျောင်းတိုက်၊ အောင်ပန်းမြို့၊ ရှမ်းပြည်နယ်။

၄၄။ ဘဒ္ဒန္တ သာသန ကျိုက်ထီးရိုးစာသင်တိုက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။

၄၅။ ဘဒ္ဒန္တ သာရမတိ ဇီဝကာရာမရွှေကျင်ကျောင်းတိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

၄၆။ ဘဒ္ဒန္တ သူရိယ တိုက်သစ်ကျောင်း၊ ဓမ္မဝိနယပထမပြန်စာသင်တိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

၄၇။ ဘဒ္ဒန္တ ကုလနန္ဒိဉာဏာဘိဝံသ ဝေဠုဝန်ပရိယတ္တိကျောင်းတိုက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်း။

၄၈။ ဘဒ္ဒန္တ နန္ဒဝံသ အိုးဘိုကျောင်းတိုက်၊ ဒေးဒရဲမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၄၉။ ဒေါ်ကဥ္စနဝတီ မောက္ခသိဝံချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅၀။ ဒေါ်ပုညကာမီ မိဂဒါဝုန်ချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅၁။ ဒေါ်ပုညစာရီ သီတာဧသီလရှင်စာသင်တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၅၂။ ဒေါ်ဉာဏဝတီ ဉာဏဝတီသီလရှင်စာသင်တိုက်၊ တကောင်းကျောင်း၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဉာဏဓဇ မဟာတိလောကာရာမပရိယတ္တိစာသင်တိုက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ပညောဘာသ ပညာရောင်ခြည်စာသင်တိုက်၊ ပျော်ဘွယ်ကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တ နိပက ရတနာမုန်ကျောင်း၊ ရွှေဂွန်းရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တ သုမန သံပုရာကျောင်းတိုက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်။

၅။ ဘဒ္ဒန္တ ကုလနန္ဒဝံသ ဟံသာဂီရိကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ စန္ဒာဝရ ရတနာသိမ်ကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တ ဇဋိလ ပထမဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ ပညာသိရီ မဟာစေတီကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တ ဥတ္တမ ဝေဠုဝန်တိုက်သစ်ပါဠိတက္ကသိုလ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ ကောသလ္လ ပတ္တမြားကျောင်းတိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၁၁။ ဘဒ္ဒန္တ နန္ဒိယ သာသနဒီပစာသင်တိုက်၊ အင်းတိုင်စုရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း။

၁၂။ ဘဒ္ဒန္တ မုနိန္ဒ ဓမ္မပါလကြားတောရကျောင်းတိုက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တ ပဏ္ဍိစ္စ မြို့မစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၄။ ဘဒ္ဒန္တ တေဇနိယ ဥဿာသီဂီစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၅။ ဘဒ္ဒန္တ မဟိန္ဒ မြို့မပရိယတ္တိကျောင်းတိုက်၊ နွယ်ချို(၁)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၆။ ဘဒ္ဒန္တ ကုဏ္ဍလ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ နတ်မောက်မြို့၊ မကွေးတိုင်း။

၁၇။ ဘဒ္ဒန္တ ဝိဇယ တေဇာရာမကျောင်းတိုက်၊ ကမ်းဖြူရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တ စန္ဒာဝရ ကေတုမတီတောင်ငူကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တ နေမိန္ဒ ရွှေအင်းရိပ်သာစာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တ ပဏ္ဍဝ ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ နန္ဒိယ ဇမ္ဗူအေးကျောင်း၊ မိုးထိတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၂။ ဘဒ္ဒန္တ ဓမ္မောဒယ မစိုးရိမ်ကျောင်း၊ ဆင်တဲတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တ သဒ္ဓမ္မာနန္ဒ ပုသိမ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တ ကဥ္စန ဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တ ဇောတိက ဇေယျဝတီစာသင်တိုက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တ ကဝိန္ဒ အောင်ရတနာကျောင်း၊ ကျောက်တံခါးတောရစာသင်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တ ကောဝိဒသာရ သီရိမာလာကျောင်း၊ ချမ်းသာကြီးမြောက်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တ ရာဇိန္ဒ ပန်းတနော်ပရိယတ္တိစာသင်ကျောင်းတိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တ ဥတ္တမသာရ စည်သာကျောင်း၊ အနောက်ခင်မကန်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တ ဝိစိတ္တ မြတ်ရွှေဂူစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၃၁။ ဘဒ္ဒန္တ ဝိမလ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၂။ ဘဒ္ဒန္တ ဇနိန္ဒ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၃။ ဘဒ္ဒန္တ ပညာသာမိဘိဝံသ တော်ကူးကျောင်းတိုက်၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

စာမျက်နှာ ၆ ကော်လံ ၁ ●

● **စာမျက်နှာ ၅ မှ**

၃၄။ ဘဒ္ဒန္တသုဇာတ သာသနာ့ပရိယတ္တိစာသင်တိုက်၊ အထုပ်သည်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်။

၃၅။ ဘဒ္ဒန္တဇဝန ဇရပ်ပြင်ပရိယတ္တိစာသင်တိုက်၊ ဇရပ်ပြင်ရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်။

၃၆။ ဘဒ္ဒန္တဓမ္မောသဓ သက္ကာယ်ကျွန်းမဟာဝိဟာရကျောင်းတိုက်၊ သက်ကယ်ကျွန်းရွာ၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်။

၃၇။ ဘဒ္ဒန္တသုန္ဒရသိရီ ပါရမီစံကျောင်းပရိယတ္တိစာသင်တိုက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဘဒ္ဒန္တဓမ္မသိရီ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တဇဋိလ ဥက္ကံဘုရားကြီးမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တပဏ္ဍိတ မဏိရတနာကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တပညာသာမိ ကျိုက္ကဆံရွှေကျောင်တိုက်သစ်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တမာနိတာဘိဝံသ သာသနဝံသပရိယတ္တိစာသင်တိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ ဧက ၄၀၀ စပါး စံပြကွက်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၃

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ ရွာသစ်ပိုင်းလမ်း တတိယလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်နံနက်ရနာရီက ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် မှော်ဘီတပ်နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးမောင်ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကတ္တရာလမ်းသစ်ကို မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးနှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် ပေ ၁၀၀၀ x ၁၂ပေ x ၇လက်မဖြစ်ပြီး မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၉၈၁၇၅၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သောလမ်းဖြစ်သည်။

(မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာနှင့် အသိအမှတ်ပြုကတ်ပြား၊ ရင်ထိုးတံဆိပ်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏ အမျိုးသမီးအိမ်တွင်းမှု သင်တန်း အမှတ်စဉ် (၄/၂၀၀၆)မှ သင်တန်းသူများနှင့် ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး မြို့နယ်များရှိ အမျိုးသမီးရေးရာအဖွဲ့များ၏ အဆိုပြုလွှာပေးအပ်ပွဲ၊ အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက အမှာစကား ပြောကြားပြီး အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီး မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာ အဖွဲ့ဝင် ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို အဖွဲ့ဝင်များ ကိုယ်စား ယင်းမာပင်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူးနှင့် အဖွဲ့သည် ယင်းမာပင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး သုံးမြွာပူးမိခင်အား ငွေနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကိုထောက်ပံ့ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံ ကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၃

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အခြေခံ ကွန်ပျူတာ သင်တန်း အမှတ်စဉ်(၃/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက်၉နာရီက ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က အဖွင့်အမှာစကားနှင့် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာကို ဦးလှစိန်က ဖတ်ကြားတင်ပြကာ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို တက္ကသိုလ်မြတ်သွင်က ဖတ်ကြားသည်။ ထို့နောက် စေတနာရှင်များကလှူဒါန်းသော အလှူငွေကို လက်ခံယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ချီးမြှင့်ပြီး ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)က ကျေးဇူးတင်စကားပြောကြားသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၂)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇)ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဝယ်လိုသူများသည် ဇန်နဝါရီ ၂၇ ရက်မှ စတင်၍ မှတ်ပုံတင်ကြေး နိုင်ငံသားငွေကျပ် ၁၀၀၀၀၊ နိုင်ငံခြားသား ယူရို ၂၀ နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။

ဥပဒေအတိုင်းဆောင်ရွက်

ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည် လက်ဝတ်ရတနာများကို ဇန်နဝါရီ ၅ ရက်မှ ၁၉ ရက်အတွင်း လာရောက်အပ်နှံနိုင်ပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ၀ ဒသမ ၄ ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိငွေ (နိုင်ငံခြားငွေဖြစ်ပါက တစ်ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေဖြစ်ပါက သုံးရာခိုင်နှုန်း)ကို ကော်မရှင်ခအဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ကာ ရတနာခွန် ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် အမှတ် ၂၄/၂၆ (ယခင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃ နှင့် ၃၇၀၅၆၁ တို့သို့လည်းကောင်း၊ မြန်မာအင်ပီရီယယ်(လ်)ဂျိတ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် အမှတ် ၂၂ ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၆၂၁၈ နှင့် ၆၆၆၂၃၉ တို့သို့လည်းကောင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမှတ် ၆၁ (အေ-၂) ၂၃ လမ်း ၈၃ x ၈၄ ကြား မန္တလေးမြို့နေ စိမ်းမြတ်မွန် ကျောက်စိမ်း ကျောက် မျက် ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးနိုင်-ဒေါ်ဝင်းဝင်းမြင့်၊ သမီး မ မေ သက် နိုင် မိ သား စု က ဇန်နဝါရီ ၄ ရက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျရောက်သော ဒေါ်ဝင်းဝင်းမြင့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်ကလေးဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အဖြစ် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

■ ကျောဖုံးမှ

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် အဆွေတော်၏ မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်ကြီးပွားစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း ဂျပန် နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများကိုယ်စားလည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ မြန်မာပြည်သူများကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တာရိုအာစိုက အထက်ပါအတိုင်း သဝဏ်လွှာပေးပို့သည်။

သြစတြေးလျ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သြစတြေးလျ နိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ(အငြိမ်းစား)ထံမှ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ သြစတြေးလျအစိုးရနှင့် သြစတြေးလျ ပြည်သူများကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ တိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၇ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ (၅၉)နှစ်မြောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ တရုတ်ပြည်သူများကိုယ်စားလည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ ယမန်နှစ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် ဘုံတောင်တန်းများနှင့် မြစ်များဖြင့် သွယ်တန်းထားသည့် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံပြည်သူများသည် ဆွေမျိုးပေါက်ဖော်များ ဖြစ်ကြကြောင်း၊ တရုတ်–မြန်မာ ဆက်ဆံရေး ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်လက်မြင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့ထားရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ ကိုယ်စားလည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာအစိုးရ၏ စီးပွားရေး ကြိုးပမ်းမှုများသည် အရေးကြီးသော အောင်မြင်မှုများအဖြစ် မျက်ဝါးထင်ထင် တွေ့မြင်ရနေပြီဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအကြားထားရှိသည့် ဆွေမျိုးပေါက်ဖော်ကို တရုတ် အစိုးရအနေဖြင့် တန်ဖိုးထားပါကြောင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး နှင့် ဆက်ဆံရေး ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီကျောက်ရှင်းကလည်း အထက်ပါအတိုင်း သဝဏ်လွှာပေးပို့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်ယူဒိုယူနိုထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ နှစ်သစ်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ ချစ်ခင်ရင်းနှီးစွာ သဝဏ်လွှာများ ပေးပို့အပ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား အကျိုးဖြစ် ထွန်းလာစေမည်ဖြစ်ကြောင်း၊ အစိုးရများနှင့် ပြည်သူများအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားခြင်းဖြင့် အပြန်အလှန်အကျိုး ဖြစ်ထွန်းမှုကို အတူတကွမြှင့်တင်ဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း စသည် ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာယူစွပ်ကာလာက လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ နှစ်သစ်ကူး အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရန် ဆောင်ရွက်သင့်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားခြင်းဖြင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများသာမက ကမ္ဘာ့ငြိမ်းချမ်းသာယာဝပြောရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ အဆွေတော် ကိုယ်စိတ် နှစ်ဖြာရွှင်လန်းပါစေ၊ မြန်မာပြည်သူများ ကြီးပွားတိုးတက်ကြပါစေ စသည်ဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန် ယူဒိုယူနိုက အထက်ပါအတိုင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

(မြန်မာ့အလင်း)

မြတ်ဆရာဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထက (၂)တွင် (၃၈)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ပြီး မကြာမီက သက်ပြည့် အငြိမ်းစား ယူခဲ့သည့် အထက်တန်းပြဆရာ ဦးမင်းဇော်အား ကျောင်းသား ကျောင်းသူများက နှုတ်ဆက်ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲ အခမ်းအနားသို့ တပည့်များ တက်ရောက်ကြရန်နှင့် အလှူငွေများကို အထက(၁) လှိုင် ဖုန်း–၅၃၄၉၃၆၊ ဦးအောင်ဝင်းနိုင် ဖုန်း–၅၂၆၀၇၅၊ ၀၉–၅၀၀၈၃၄၃၊ဦးမျိုးသန့် ဖုန်း–၀၉–၈၀–၃၄၇၁၀နှင့် ဦးမျိုးလွင် ဖုန်း–၅၁၂၇၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

✡ ကျောဖုံးမှ

ထို့နောက်အမှတ်(၃)သံမဏိစက်ရုံ စက်ရုံမှူး ဗိုလ်မှူးကြီးတင်စိုးက သံရည်ကျိုလုပ်ငန်း ဆောင်ရွက်မှုတွင် လျှပ်စစ်ဓာတ်အားလိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက အမှတ်(၃) ရွာမ သံမဏိစက်ရုံ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရန် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံး ဖြစ်အောင် ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား လော်ကားစက်ရုံ၏ Control Room ၌ စက်ရုံမှူး ဦးသိန်းဇော်က Computer များဖြင့် ထိန်းချုပ်ဆောင်ရွက်မှု၊ စက်ရုံဝင်းအတွင်း စက်များမောင်းနှင်နေမှု၊ Gas Line ဝင်ရောက်မှု နှင့် Gas Control ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လော်ကား ဓာတ်အားခွဲရုံ၏ Switch Yard အတွင်း ရွာမသံမဏိ စက်ရုံသို့ 20 MVA ထရန်စဖော်မာ သုံးလုံးဖြင့် ဓာတ်အားပို့လွှတ်မှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လော်ကားဓာတ်အားခွဲရုံ၏ Control Room ၌ ဒုတိယလက်ထောက် ဂျင်နီယာ ဒေါ်သီတာအေးက ဖိဒါ ၁၇ခုဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ငွေးက Indoor Circuit Breaker များဖြင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်း တင်ပြရာ ဝန်ကြီးက ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် အလေးထား ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ရွာမ(အနောက်ရပ်ကွက်) ဘုရင့်နောင် လမ်းမကြီးရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) သံမဏိစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေး ခန်းမ၌ စက်ရုံမှူး ဗိုလ်မှူးကြီးတင်စိုးက ထုတ်လုပ်မှုအမျိုးအစားနှင့်ထုတ်လုပ်မှုရည်မှန်းချက်များ၊ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို Projector များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံတစ်ရုံ ဖြစ်သဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကို တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ၏ Switch Yard အတွင်း လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားမှုအခြေအနေနှင့် စက်ရုံ၏ Control Room ၌ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင်–ကမာရွတ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းနှင့် ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ငွေးတို့က မြို့နယ်များ၏ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကို လည်းကောင်း၊ လက်ခံယူနစ်၊ ရောင်းချယူနစ်နှင့် ပျောက်ဆုံးမှုယူနစ်ဆိုင်ရာ ရာခိုင်နှုန်း အခြေအနေများကို လည်းကောင်း ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မိမိတို့ ဝန်ထမ်းများအနေဖြင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာတွင် တိကျမှန်ကန်ဖို့ လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှု စီမံဆောင်ရွက်ချက်များကို ပြည်သူများ နားလည်သဘောပေါက်အောင် ရှင်းလင်းစေလိုကြောင်း ပြောကြားပြီး မီတာဖတ် စာရေးတစ်ဦးချင်း ဖတ်ရှုရသည့် အိမ်ထောင်စုစာရင်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၃၁ ရက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာခင်ဆန်းနွယ် စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်) ဝေဒနာရှင်များအတွက် မက်(စ်)မြန်မာကုမ္ပဏီလီမိတက်မှ ဦးဇော်ဇော်–ဒေါ်ငွေးငွေးခိုင် တို့ကိုယ်စား လှူဒါန်းငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (မြို့တော်စည်ပင်)

လုပ်ငန်းများကို စည်းမျဉ်းဥပဒေများနှင့်အညီ လုပ်ကိုင် ဒေသဖွံ့ဖြိုးရေး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က ဧရာဝတီတိုင်း မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာတို့ကို အမှာစကားပြောကြားသည်။

ကြိုးပမ်း

ရှေးဦးစွာဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်နှင့် ဌာန၏ရည်မှန်းချက်များကို သိရှိနားလည်ပြီး အောင်မြင်စေရေးအလေးအနက်ထားကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဆက်ဆံရေး ပြေပြစ်ချိုသာမှုက အရေးကြီးကြောင်း၊ ဒေသခံ ပြည်သူများအား ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေး စည်းရုံးဆောင်ရွက် ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသားမှန်ကန် တာဝန်သိစွာဖြင့် စည်းမျဉ်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ၊ ငွေရေးကြေးရေး နှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင် ဆောင်ရွက်ကြရေး၊ ဒေသခံ ပြည်သူများ၏ အကျိုးအတွက် အလုပ် အကျွေးပြုသည့် ဝန်ထမ်းကောင်းများ အဖြစ် အစဉ် ရပ်တည်နိုင်စေရန် ကြိုးပမ်းကြရေး မှာကြားလိုကြောင်း ဖြင့် အကျယ်တဝင့် ပြောကြားသွား သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေးတို့ လိုက်ပါလျက် ဇန်နဝါရီ ၁ ရက်နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံး အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပုသိမ်မြို့ရှိ ပင်စင်ဦးစီးဌာန တိုင်းဦးစီးမှူးရုံးနှင့် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း တိုင်းမန်နေဂျာရုံးတို့သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) မှော်ဘီ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း အထက (၂)မှော်ဘီတွင် ၁၉၈၅ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ၌ ကျောင်းဝင်းအတွင်းရှိ မေတ္တာရောင်ခြည်ခန်းမတွင်ကျင်းပမည်ဖြစ်ရာ ပညာသင်ကြားပြသပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် အငြိမ်းစား ယူသွားခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖိတ်ကြားစာမရရှိခဲ့ပါက အပူဇော်ကန်တော့ခံရန် ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံးလည်း ဆရာကန်တော့ပွဲသို့ တက်ရောက်ကြရန်နှင့် ဆရာကြီး ဦးကျော်တင့် ဖုန်း–၆၂၀၁၁၀၊ ဆရာမ ဒေါ်ယဉ်လွမ် ဖုန်း–၆၂၀၇၉၂၊ ဆရာမ ဒေါ်ခင်မာရီ ဖုန်း–၆၂၀၇၀၉၊ ဦးသိုက်စိုး ဖုန်း–၆၀၀၃၄၂၊ ဒေါ်သီတာအောင် ဖုန်း–၆၂၀၀၉၃နှင့် ဦးသိန်းတိုး ဖုန်း–၆၂၀၉၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပန်းတစ်ပွင့်တောင် ရုပ်ပွားတော်မြတ်များ ဌာပနာထည့်သွင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာ ပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရကကြီးမှူး၍ ပန်းတစ်ပွင့်တောင်တော်မြတ်၌ တည်ထားသည့် ငြိမ်းအေးချမ်းသာ ရုပ်ပွားတော်မြတ်၊ လာဘ်ပွင့်ချမ်းသာ လာဘမုနိရုပ်ပွားတော်မြတ် ဌာပနာထည့်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါတောရရိပ်သာရှိ ဓမ္မသုခဗိမာန်တော်အပေါ်ထပ်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး တိုက်ကြီးမြို့ သဒ္ဓမ္မဇောတိက စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသထံမှပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဗိုလ်မှူးကြီးစိန်ထွန်း(ငြိမ်း) နှင့် သားသမီးမြေးတစ်စုတို့က ဘဝငြိမ်းချမ်းရေး စာကြည့်တိုက်အတွက် အလှူငွေကျပ် သိန်း ၉၀၊ ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် အခမဲ့ပညာရေး(အထက်တန်း) ကျောင်းအတွက် ဦးအောင်မျိုး–ဒေါ်ခင်သီတာ မိသားစုတို့က ငွေကျပ်သိန်း ၇၀၊ ဦးဖေသန်း–ဒေါ်ခင်ထွေးခိုင်မိသားစုတို့က ငွေကျပ် ၁၅ သိန်း၊ (ဦးစိုးလွင်)–ဒေါ်ကျင်ထွေး(အောင်သပြေရတနာ ရွှေဆိုင် မိသားစု)က ငွေကျပ်၁၀သိန်း၊ ဒေါက်တာစောဝင်း–ဒေါ်တင်ဖုန်းနွယ် မိသားစု၊ ဦးမျိုးညွန့်–ဒေါ်တင်တင်ဝင်း မိသားစု၊ ဦးမြင့်သန်း–ဒေါ်သန်းသန်း မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ တိုက်ကြီးမြို့ ဓမ္မရက္ခိတအဖွဲ့က ငွေကျပ်ခုနစ်သောင်း၊ ဦးသန်းချစ်–ဒေါ်ချောချော မိသားစုတို့က ငွေကျပ် ငါးသောင်းတို့ကို ပန်းတစ်ပွင့်တောင် ဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

တင်လှူပူဇော်

ထို့နောက် သင်းကျစ်တော်၊ ဓာတ်တော်မွေတော်၊ ရုပ်ပွားဆင်းတုတော်များနှင့် ဌာပနာပစ္စည်းများကို ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးတင်ထွန်း၊ ဗိုလ်မှူးကြီးစိန်ထွန်း(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် အလှူရှင် ဦးအောင်မျိုးတို့က ပင့်ဆောင်ကြပြီး အောင်စကြာမဏ္ဍိုင် လိုဏ်ဂူတော်အတွင်း လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြ၍ သာသနာတော် ထုံးတမ်းစဉ်လာနှင့်အညီ မင်္ဂလာပန်းရထားဖြင့် တင်လှူပူဇော်ကြကာ ဌာပနာပိတ်ပြီး ပန်းတစ်ပွင့်တောင် ဆရာတော်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ငွေကျပ်သိန်း ၁၈၀၀တန် အများကောင်းမှု သုံးထပ် ဘုန်းတော်ကြီးသင် အခမဲ့ပညာရေး (အထက်တန်း) ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ငွေကျပ်သိန်း၉၀တန် ဘဝငြိမ်းချမ်းရေး စာကြည့်တိုက်ဖွင့်ပွဲတို့ကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ဘုန်းတော်ကြီးသင် အခမဲ့ပညာရေး(အထက်တန်း)ကျောင်းဆောင်သစ်ကိုပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးတင်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း**(အောက်ပုံ)**နှင့် အလှူရှင် ဗိုလ်မှူးကြီးစိန်ထွန်း (ငြိမ်း) တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးစိုးဝင်းအား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်း အမှတ် (၅၁၆–၅၁၈) သုံးထပ်နေ ဒေါ်သိန်းသိန်း မိသားစုက ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးငယ်စဉ်ကာလ သာမဏေဘဝက သီတင်းသုံးခဲ့သော မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ဆန္ဒတော်ပြည့် ဘက်စုံတည်ဆောက်ရေးအဖွဲ့က ဆောက်လုပ်နေဆဲ ဆန္ဒတော်ပြည့် တိပိဋကဓမ္မပါလ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အကျိုးတော်ဆောင် နာယက ဆရာတော် ဒီဃဘာဏက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒိယ ဆန္ဒတော်ပြည့်ဆရာတော်ထံ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

* ရှေ့ဖုံးမှ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူမြို့နယ်၌ တည်ဆောက်နေသော တမာရေလှောင်တမံသို့ ရောက်ရှိကြရာ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းက ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲတည်ဆောက်မှုနှင့် ဆည်ရေပေးဝေမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအား ရေလှောင်တမံနှင့်တူးမြောင်း လုပ်ငန်းများ သေသပ်ခိုင်ခံ့ရေး၊ ဆည်ရေဖြင့် ဒေသစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေးမှာကြားပြီး တည်ဆောက်ဆဲ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးသည် ရေလှောင်တမံ၏ ဆည်ရေသောက် ဧရိယာဖြစ်လာတော့မည့် စိုက်ခင်းများ၌ တောင်သူများ ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေကို တွေ့ဆုံဆွေးနွေး အားပေးကူညီသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူမြို့နယ် ဝွေးပင်ရွာအနီး၌ တည်ဆောက်နေသည့် ဖိုးနီရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဌာနဆိုင်ရာများအား လုပ်ငန်းများသေသပ်ခိုင်ခံ့ရေး၊ ရေဝေရေလဲဒေသ၌ ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးရေး၊ မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ကြရန်မှာကြားသည်။

ဖြည့်ဆည်းပံ့ပိုး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့၌ တည်ဆောက်နေသည့် မကျီးသုံးပင် ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူး ဦးအေးသိန်းက ဒေသစိမ်းလန်း စိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် တယ်ပင်ရိုးချောင်းကို မြေသားတမံ ပိတ်၍ ရေလှောင်တမံ တည်ဆောက်နေမှု၊ ပင်မတမံလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တည်ဆောက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် ငွေးချိုကျေးရွာအနီး၌ ဆင်မဝင်းချောင်းကို ပိတ်၍ တည်ဆောက်နေသည့် ငွေးချိုရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး တည်ဆောက်ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဆောင်ရွက်နေသည့် လုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

အထက(၃)ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြောင်းနှင့် ပူဇော်ပွဲအခမ်းအနားသို့ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာမရောက်သော်လည်း ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများသည် ဆရာမဒေါ်စန်းဝင်း၊ ဆရာမ ဒေါ်ငွေရီ ကျောင်းဖုန်း– ၂၂၀၃၈၀၊ ဦးမြင့်သန်း ဖုန်း– ၀၉၅၁၀၁၀၉၂၊ ဦးအောင်ကျော်ဦး ဖုန်း– ၀၉၅၀၁၄၂၆၄၊ ဦးသိန်းဝင်း ဖုန်း– ၅၀၇၁၄၉၊ ဦးစိုးဝင်း (ဆန်နီ) ဖုန်း– ၀၉၅၁၃၂၀၃၆၊ ဦးချာလီမောင် ဖုန်း– ၀၉၉၀၃၂၀၅၁၊ ဦးခင်မောင်လှ ဖုန်း– ၀၉၈၀၂၃၅၇၉၊ ဦးဌေးဝင်း (MRTV) ဖုန်း– ၀၉၅၁၈– ၅၆၅၇၊ ဦးကြည်ကို ဖုန်း– ၀၉၅၁၆– ၃၇၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ သက်ကြီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၃

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) **(အောက်ပုံ)**နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် စည်းရုံးရေးတာဝန်ခံ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)တို့က အမှာစကား ပြောကြားကြပြီး နှစ်ပတ်လည် အစီရင်ခံစာကိုမြို့နယ်အမှုဆောင် တက္ကသိုလ်အေးမြစန္ဒာက လည်းကောင်း၊ တစ်နှစ်တာအတွင်း အလှူရှင်စာရင်းကို မြို့နယ်ဒုတိယဥက္ကဋ္ဌ ရှေ့ဆောင်တင်ဆွေကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အသက် ၇၀ နှင့်အထက် သက်ကြီးစာပေပညာရှင် ၁၄ ဦးတို့အား ငွေနှင့်ဆေးပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ပျော်ရွှင်ဖွယ်ကံစမ်းမဲအစီအစဉ်ဖြင့် အခမ်းအနားရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က–ပ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လမ်းမတော်မြို့နယ် ရုံး၏စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၃ ရက်က အမှတ် (၁၁) ရပ်ကွက်ရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အမက(၁၂) သာကေတ မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းအောင်က စတုတ္ထတန်း ဘာသာစုံထူးချွန်ဆုရ မောင်နိုင်လင်းဇော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၈)

မှူးယစ်ကင်းစင် အလှဆင်

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ပဏာမလူရွေးပွဲ ဂျူဒိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲအတွက် ဂျူဒိုပဏာမလူရွေးပွဲကိုဖေဖော်ဝါရီ ၈ရက်မှ၁၂ရက်အထိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ဝိတ်တန်းကိုးတန်း၊အမျိုးသမီးဝိတ်တန်း ကိုးတန်းနှင့် ခတပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂျူဒိုမောင်မယ်များသည် ဖေဖော်ဝါရီ ၅ ရက် ညနေ ၅နာရီနောက်ဆုံးထား၍ ဦးဝိစာရလမ်း ရေကူးကန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်မောင်ဦးထံ ပြိုင်ပွဲဝင်ပုံစံများ ဖြည့်စွက်၍ ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၁ ရက်က သာသနာ့ဟိတဝတ်အသင်း၏ (၂၁)နှစ်ပြည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ နှင့် ဆီမီး၉၀၀၀ပူဇော်ပွဲကို ရွှေတိဂုံစေတီတော်မြတ်ကြီးတွင်ကျင်းပရာ ဝတ်အသင်းအဖွဲ့နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက်မှ ဝန်ထမ်းများ ဆီမီးပူဇော်ခဲ့ကြစဉ်။ (မြန်မာ့အလင်း)

ရာသက်ပန်ဆွမ်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံးတော်မူကြလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထမ်းရွက်တော်မူနေကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ အဘိဓာန်ကျမ်းပြုဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှုသင်တန်းနည်းပြဆရာတော်ကြီးများအား ရာသက်ပန် ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းနိုင်ရာ သံဃာတော်တစ်ပါး တစ်နေ့စာ (အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်)အတွက် ငွေကျပ် ၂၂၀၀ နှုန်းဖြင့်လှူဒါန်းပူဇော်နိုင်သည်။

ဆွမ်းဆက်ကပ်

ငွေပဒေသာပင် ကျပ် ၁၀၀၀၀နှင့် ငွေကျပ် ၁၀၀၀၀၀ စိုက်ထူလှူဒါန်းပါက အတိုးအညွန့်ဖြင့် ဆွမ်းဆက်ကပ်နိုင်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကုသိုလ်ရှင်များ လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန ဖုန်း– ၆၆၀၇၉၉၊ ၆၆၀၉၉၈၊ ၆၆၀၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–ပီဂျီအေနှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၃

မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club၌ကျင်းပရာ Professional Golfer နိုင်နိုင်လင်းနှင့် Amateur Golfer ဘိုဘိုတို့က ဒုတိယနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိကြသည်။

ဦးဆောင်ကစား

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer'sပြိုင်ပွဲ၌ ဖွင့်ပွဲနေ့ ပြိုင်ပွဲတွင် ၇၇ ချက်ဖြင့် အမှတ်စဉ် ၁၂ ရရှိခဲ့သော နိုင်နိုင်လင်း (K.M Golf Centre)က ဒုတိယနေ့ပြိုင်ပွဲတွင် ပင်ကိုလက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ကာ ၇၇+၆၇ပေါင်း၁၄၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်(K.M Golf Centre)က ၇၂+၇၃ ပေါင်း ၁၄၅ ချက်ဖြင့် ဒုတိယလိုက်ပြီး စိုးကျော်နိုင် (Srixon) က ၇၃+၇၄ နှင့် ဇော်ဇော်လတ်(Point)က ၇၁+၇၆ ပေါင်း ၁၄၇ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုကပင် ၇၁+၇၂ ပေါင်း ၁၄၃ ချက်ဖြင့် ဦးဆောင်ကစားလျက် ရှိပြီး အောင်ဝင်းက ၇၃+၇၁ ပေါင်း ၁၄၄ ချက်ဖြင့် ဒုတိယလိုက်ကာ နေဇလဝင်းမြင့်က ၇၅+၇၂ ပေါင်း ၁၄၇ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသမီးအပျော်တမ်းပြိုင်ပွဲ၏ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Youna Bark က သတ်မှတ် ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ဌေးဌေးက ၇၂ ချက်ဖြင့် ဒုတိယလိုက်ပြီး So Hyun Cho က ၇၃ ချက်ဖြင့် တတိယလိုက်နေသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် K.M Golf Centre, Srixon, Point Golf Shop, Yamato Golf Shop, Grand Royal Special Reserve Whisky, Imperial Jade Purified Drinking Water, Golf World Trophy and Golf Accessories, Hanthawaddy Golf and Country Club တို့ကလည်း အသီးသီး ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၄ ရက် **(ယနေ့)** နံနက် ၈နာရီတွင် တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် အပျော်တမ်း အမျိုးသမီးပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲများကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂရိတ်ဝေါအမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် သတ္တမအကြိမ်မြောက် ဂရိတ်ဝေါအမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၉ရက် ညနေ ၄နာရီက အနော်ရထာလမ်းရှိ အမျိုးသား ကြက်တောင်အားကစားခန်းမတွင် ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကြီးတန်း အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကြီးတန်းအမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အကြီးတန်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အကြီးတန်း အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)က သက်ကြီးတန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း**(ဓာတ်ပုံ)**၊ ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်စိန်က သာမန်တန်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အကြီးတန်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

စည်သွတ်အစားအသောက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော စည်သွတ်ဘူးနမူနာများကို ဝယ်ယူစိစစ်ရာ အောက်ဖော်ပြပါ စည်သွတ်ဘူးအမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်ရရှိထားခြင်းမရှိပါကြောင်းနှင့် ဘူးခွံဟောင်းများကို ပြန်လည်သုံးစွဲခြင်း၊ အမှတ်တံဆိပ်တွင် ဖော်ပြရန်အချက်များ ပြည့်စုံမှုမရှိခြင်းတို့ကြောင့် စားသုံးရန်မသင့်သော စည်သွတ်ဘူးများဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	လုပ်ငန်းအမည်
၁။	Cow Boy အမှတ်တံဆိပ် အမဲသားစည်သွတ်ဘူး	မပါရှိပါ
၂။	Shwe Letyar အမှတ်တံဆိပ် အမဲသားစည်သွတ်ဘူး	မပါရှိပါ
၃။	Shwe Letyar အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၄။	Shwe Leik Pyar (Golden Butterfly) အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၅။	San Pwint အမှတ်တံဆိပ် ကြက်သားစည်သွတ်ဘူး	SA Canning Industry Myanmar လိပ်စာဖော်ပြမထားပါ
၆။	San Pwint အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	SA Canning Industry Myanmar လိပ်စာဖော်ပြမထားပါ
၇။	Shwe Ayar အမှတ်တံဆိပ် အမဲသားစည်သွတ်ဘူး	SA Canning Industry Myanmar လိပ်စာဖော်ပြမထားပါ
၈။	Two Deers အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	KMT Canning Co. လိပ်စာဖော်ပြမထားပါ
၉။	Two Deers အမှတ်တံဆိပ် ငါးသလောက်စည်သွတ်ဘူး	KMT Canning Co. လိပ်စာဖော်ပြမထားပါ
၁၀။	Golden Brahminy Duck အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၁၁။	Golden Sea အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	Product of Ngapali Beach Myanmar
၁၂။	King Elephant အမှတ်တံဆိပ် ငါးသလောက်စည်သွတ်ဘူး	မပါရှိပါ

၃။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိထားသော အစားအသောက်များမှာ အရည်အသွေးအာမခံချက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ စည်သွတ်အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလိုသူသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်ရရှိပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ ဒဏ်ရာသက်သာ၍ မကြာမီ ပြန်ကစားမည်

စုစည်းတင်ပြသူ – မြင့်မောင်စိုး

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၃

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ကျောခွဲစိတ်ထားရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ယခုသီတင်းပတ်နှောင်းပိုင်းတွင် ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးက ပြောကြားသည်။

လေ့ကျင့်

အသက်(၂၆)နှစ်ရှိတယ်ရီသည် လွန်ခဲ့သော သီတင်းပတ်က ကျောဒဏ်ရာကို အောင်မြင်စွာ ခွဲစိတ်ကုသမှုခံယူနိုင်ခဲ့သည်။ ယခုအခါ တယ်ရီသည် နောက်တန်းခံစစ်မှူးအဖြစ် အသင်းခေါင်းဆောင်အဖြစ် ပြန်ကစားရန် လေ့ကျင့်နေပြီ ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားသည်။

မျှော်လင့်

မိမိအနေဖြင့် လာမည့် သီတင်းပတ်တွင် ကစားမည့် ကားလင်းဖလားပြိုင်ပွဲတွင်လည်း ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ဂျွန်တယ်ရီက ပြောကြားသည်။

တယ်ရီသည် ဖေဖော်ဝါရီ ၇ ရက်တွင် အိုးထရက်ဖို့ဒ်၌ အင်္ဂလန်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ဒဏ်ရာရခဲ့

၎င်းသည် ဒီဇင်ဘာ ၁၇ရက်က အဲဗာတန်အသင်းကို ချယ်လ်ဆီးအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲ၌ ဒဏ်ရာရခဲ့ပြီးနောက် ပါဝင်မကစားနိုင်ခဲ့ပေ။

ကျိုးပေါက်

ချယ်လ်ဆီးအသင်းသည် တယ်ရီမပါဘဲ ငါးပွဲကစားခဲ့ရာ နောက်တန်း ကျိုးပေါက်ပြီး ရှစ်ဂိုး အသွင်းခံခဲ့ရသည်။ **(အင်တာနက်)**

ချယ်လ်တန်၏ အဓိကတိုက်စစ်မှူး ဒါရင်ဘင့် ဒူးဆစ်ဒဏ်ရာကြောင့် တစ်လအနားယူရမည်

ချယ်လ်တန်အသင်းအတွက် အားထားရသော ဒါရင်ဘင့်။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၃

ချယ်လ်တန်အသင်းသည် အက်စ်တွန်ဗီလာအသင်းကို အနိုင်ရခဲ့သည့်ပွဲတွင် ဒါရင်ဘင့် ဒူးဆစ်ဒဏ်ရာရခဲ့၍ တစ်လအနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

ဘင့်သည်ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် အသင်းအတွက် ကိုးဂိုးသွင်းယူပေးထားသူဖြစ်သည်။ ၎င်းသည် နည်းပြဟောင်း လက်စ်ရီဒ်လက်ထက်တွင် ခြေစွမ်းပြနိုင်မှုနည်းပြီး လွန်ခဲ့သောနှစ်ပွဲတွင် ပို၍ ခြေကုန်ထုတ်ကစားလာသည်ကို တွေ့ရသည်။

ဒါရင်ဘင့် ပါဝင်မကစားနိုင်သော်လည်း မိမိတို့အခြားကစားသမားများအနေဖြင့် အကောင်းဆုံးခြေစွမ်းကို ပြနိုင်ရမည် ဖြစ်ကြောင်း ချယ်လ်တန်က ပြောကြားသည်။

ဈေးကွက်

နည်းပြသစ် အလန်ပါဂျူးအနေဖြင့်လည်း တိုက်စစ်မှူးအသစ်တစ်ဦးကို ကစားသမားသစ်များခေါ်ယူရေး ဈေးကွက်၌ ရှာဖွေနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ချယ်လ်တန်အသင်းက ပြောကြားသည်။

အသက်(၂၃)နှစ်ရှိ ဘင့်သည် ပရီမီယာလိဂ် ဒုတိယနှစ်ဝက်တွင် ဂိုးများပို၍သွင်းလာပြီး ချယ်လ်တန် အသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်စေရန် ကြိုးစားပေးလိမ့်မည်ဟု မျှော်လင့်ရသည်။

တိုက်စစ်မှူး

ပြီးခဲ့သောရာသီက ၎င်းသည် ၁၈ဂိုး သွင်းယူပေးသကဲ့သို့ အင်္ဂလန်၏ ထိပ်တန်းတိုက်စစ်မှူးလည်း ဖြစ်ခဲ့သည်။ သို့သော်လည်း ကမ္ဘာ့ဖလား တွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားရန် နေရာမရဘဲ ဖြစ်ခဲ့ရသည်။

၎င်းသည် ၂၀၀၃ခုနှစ် နွေရာသီက အစ်ဆွစ်တောင်းမှ ပေါင် ၃သန်းဖြင့် ခေါ်ယူစာချုပ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

၂၀၀၇ ခုနှစ်အစ လီဘောင်ယာဒဏ်ရာရ

လန်ဒန် ဇန်နဝါရီ ၃

ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား လီဘောင်ယာသည် ရက်ဒင်းနှင့်ပွဲတွင် ပခုံးဒဏ်ရာရသွားခဲ့၍ ခြောက်ပတ်ကြာ အနားယူ ဆေးကုသမှု ခံယူရမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက ပြောကြားသည်။

အသက် (၂၉) နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၀၆ ခုနှစ် ဇွန်လက နယူးကာဆယ်မှ ပြောင်းလာပြီး ဝက်စ်ဟမ်းအသင်း၌ ၁၇ ပွဲ ပါဝင်ကစားပေးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လိဒ်နှင့် ချယ်လ်တန်အသင်းတို့၌လည်း ကစားခဲ့သူ ဖြစ်သည်။

၎င်းသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လအတွင်း ဝက်စ်ဟမ်းအသင်းသို့ လာရောက်ပြီး ကာလတို ကစားပေးခဲ့သူဖြစ်သည်။ (အင်တာနက်)

ဝက်စ်ဟမ်းကွင်းလယ်ကစားသမား လီဘောင်ယာ။ (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးသရေပွဲကြုံခဲ့၍ မော်ရင်ဟိုစိတ်ပျက် အာဆင်နယ်က လေးဂိုးပြတ်သွင်းပြီး ချယ်လ်တန်ကိုအနိုင်ယူ

လန်ဒန် ဇန်နဝါရီ ၃

ပရီမီယာလိဂ်ပွဲစဉ် (၂၂) လက်ကျန်ပွဲအဖြစ် အက်စတွန်ဗီလာနှင့် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် ချယ်လ်တန်အသင်းတို့ ဇန်နဝါရီ၃ရက်က ယှဉ်ပြိုင်ကစားရာ အက်စတွန်ဗီလာနှင့် ချယ်လ်ဆီးတို့ ဂိုးမရှိသရေပွဲဖြစ်ပြီး အာဆင်နယ်က ချယ်လ်တန်ကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ ချယ်လ်တန်ဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

တုံ့ပြန်

မနှစ်က တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ပြီး ယခုပွဲ၌လည်း ချယ်လ်ဆီးတို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ရပြန်သည်။ ဗီလာတို့အိမ်ကွင်း၌ ၄–၄–၂ပုံစံဖြင့် ခင်းကျင်းကာ ချယ်လ်ဆီးတိုက်စစ်ကို မာမာတင်းတင်း တုံ့ပြန်ကစားနိုင်ခဲ့သည်။

မသွင်းနိုင်

ဗီလာတိုက်စစ်တွင် အင်ဂယ်နှင့် အက်ဘွန်လာဟောတို့က ဦးဆောင်ပြီး အလယ်တန်းတွင် ဒေးဗစ်၊ ဂတ်နာ၊ မက်တင်နှင့် ပီထရောဗ်တို့က တိုက်စစ်ကို ပံ့ပိုးပေးနိုင်သလို ခံစစ်ကို ဝိုင်းကူပေးနိုင်ခဲ့သဖြင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

မော်ရင်ဟိုကလည်း ၄–၄–၂ ပုံစံဖြင့် ဗီလာတို့ကို အနိုင်ယူရန် ပြင်ဆင်လာခဲ့သော်လည်း တိုက်စစ်တွင် ဒရော့ဘာနှင့် ကာလူး၊ အလယ်တွင် ရိုက်ဖီးလစ်၊ အက်စီယန်၊ လမ်းပတ်နှင့် မက်ခီလီလီတို့က နေရာစုံမှ မွှေနှောက်ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့် ၂၃ ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းမှု ၁၂ ကြိမ် ရရှိခဲ့သော်လည်း ကန်ချက်မမှန်မှုနှင့် ဗီလာဂိုးသမား ဂါဘောကီရာလီ လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သဖြင့် ချယ်လ်ဆီးတို့ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

ဗီလာခံစစ်မှူးများဖြစ်သည့်ကာဟေး၊ မဲလ်ဘတ်၊ ရစ်ဂီဝဲလ်နှင့် ဘောမာတို့က အမှားအယွင်းနည်းစွာ ကစားခဲ့သဖြင့်လည်း ချယ်လ်ဆီးတို့ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။ ချယ်လ်ဆီးတို့ ဒုတိယပိုင်းတွင် ရိုက်ဖီးလစ်အစား ရှက်ဗ်ချင်ကို၊ ကာလူးအစား မီကယ်တို့ကို အစားထိုးဝင်ရောက် ကစားစေခဲ့သော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်ကာ ချယ်လ်ဆီးတို့ ဗီလာနှင့် တစ်မှတ်စီ ခွဲဝေယူခဲ့ရသည်။

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

ယခုအခါ ချယ်လ်ဆီးသည် မန်ယူနှင့် ပွဲတူခြောက်မှတ်အကွာဖြင့် တန်းစီဇယား၌ ဒုတိယနေရာမှရှိနေသည်။ ပွဲအပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက စိတ်ပျက်စရာကောင်းသည့် ရလဒ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောင်မြင်မှု

အက်စတွန်ဗီလာနည်းပြ မာတင်အိုနေးစ်က ချယ်လ်ဆီးတို့နှင့် အတူ အဖိုးတန် တစ်မှတ်ကို ရယူနိုင်ခဲ့ခြင်းမှာလည်း အောင်မြင်မှုတစ်ရပ်ပင် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အက်စ်တွန်ဗီလာတို့ ယခုပွဲသရေကျခဲ့သဖြင့် တန်းစီဇယားတွင် အဆင့် ၁၃၌ ရှိနေသည်။

အာဆင်နယ်နှင့်ချယ်လ်တန်

အာဆင်နယ်ကို ချယ်လ်တန်တို့ ခြေရည်တူပင် မကစားနိုင်ခဲ့ချေ။ အွန်နရီ ဦးဆောင်သည့် အာဆင်နယ် တိုက်စစ်တွင် ဗန်ပါစီနှင့် အွန်နရီကို တွဲကစားစေပြီး ရိုဆစ္စကီး၊ ဖာဖရီဂတ်နှင့် တောရီတို့က တိုက်စစ်မှူးများနှင့်အတူ အုပ်စုဖွဲ့ ထိုးဖောက်ကစားခဲ့ရာ ချယ်လ်တန်ခံစစ်မှူးများဖြစ်သည့် ဒီရာဝါရာ၊ ကာကောရီ၊ ဆန်ကိုဖာနှင့် ဒီဂျီမီတို့ မည်သို့မျှ မဟန့်တားနိုင်ဘဲ မိနစ် ၃၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အွန်နရီက တစ်ဂိုး၊ ၄၅မိနစ်တွင် အာဆင်နယ်နောက်ခံလူ ဂျူစတင်ဟောတေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် အာဆင်နယ်တို့ နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။

အနီကတ်

ချယ်လ်တန်နောက်ခံလူ ဆန်ကိုဖာ ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြ အထုတ်ခံရသဖြင့် ချယ်လ်တန်တို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ ဒုတိယပိုင်းတွင်လည်း အာဆင်နယ်တို့ ဖိကစားထားနိုင်ရာ ပွဲချိန် ၇၆ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ဗန်ပါစီက တစ်ဂိုးနှင့် မိနစ် ၉၀ တွင် ဗန်ပါစီကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်သည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား စတုတ္ထနေရာ၌ ရပ်တည်နေပြီး ချယ်လ်တန်မှာ အဆင့် ၁၉ နေရာ၌ရှိကာ တန်းမဆင်းရရေးကို ရုန်းကန်နေရလျက်ရှိသည်။ ။ **(အင်တာနက်)**

ချယ်လ်ဆီးမှ လမ်းပတ်(လယ်)၏ **အက်စတွန်ဗီလာဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)



ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၅၁၊ ၂လမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဦးရဲမြင့်(Director-ABLE Industries Co.,Ltd-Bangkok)-ဒေါ်ခင်စိုးညွန့်တို့၏သား

မောင်သန့်စင်နောင် B.E (Electronics)., M.Eng.Sc

(Computer System Engineering) Victoria University, Sydney

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၈၂(အေ)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဦးအောင်မင်း (Director of Operations Beyonics Technology (Thailand Co.,Ltd Bangkok) -ဒေါ်မြင့်မြင့်ကြည်တို့၏သမီး

ဒေါက်တာနေခြည်သွယ်မင်း M.B.,B.S (Ygn)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ ၂၃-၁၂-၂၀၀၆ရက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်စင်နောင်-ဒေါက်တာနေခြည်သွယ်မင်း။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ် ၃၅၃နေ ဦးအောင်ဖုံ(ရွှေပန်းထိမ်ဖော်ဆရာကြီး)-(ဒေါ်လှနီမ)တို့၏သားထွေး

မောင်တင်လှ
B.Sc (Hons:) Phys: (YU)
(Winner Computer, Sittwe Branch)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၅၂၊ A-5 နေ ဦးအေးကြိုင်-ဒေါ်ရီ တို့၏သမီးကြီး

မယဉ်ဝင်းခိုင်
B.Sc (Hons:) Phys: (YU)
M.I.Sc (Computer) (UNDP/ICDP)

တို့သည် နှစ်ဖက်သောမိဘတို့၏သဘောတူခွင့်ပြုချက်အရ ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

မောင်တင်လှ-မယဉ်ဝင်းခိုင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၇၇၅၄၊ Mazda 2000 Jeep 4 x 4 ယာဉ်လက်ဝယ်ရှိသူအမည် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မှတ်ပုံတင်အမှတ် မြန်မာ့စားသောက်ကုန်လုပ်ငန်းက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်းရုံး)
ရန်ကုန်မြို့။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၅၆၊ မြေဧရိယာ ၄၀ X၆၀ မြေငှား စာချုပ်အမှတ် တဥ/၁၃၀၂၅၀/၉၃ ဦးကျော်သိန်းအမည်ဖြင့် တစ်ဦးတည်းပိုင် ဂရန်အမည်ပေါက် ပိုင်ဆိုင်ခြင်း ဖြစ်ပါသည်။ ၎င်းမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးကျော်သိန်း
၁၂/ဥကတ(နိုင်)၀၆၃၃၇၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၃၀၃၉၊ Nissan Diesel Logging Truck ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမင်းဒွေး ၁၂/လမတ(နိုင်)၀၂၀၂၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံးခွဲရုံး
(ရွာသာကြီး)၊ရန်ကုန်မြို့။

ရှေ့နေချုပ် ဦးအေးမောင် ပဲခူးတိုင်းအတွင်းရှိ ဥပဒေအရာရှိများအားတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၃

ရှေ့နေချုပ် ဦးအေးမောင်သည် ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦးတို့ လိုက်ပါလျက် ဇန်နဝါရီ ၁ရက်က ပဲခူးတိုင်းဥပဒေရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းအတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ရှေ့နေချုပ်က တရားစွဲ အမှုလိုက်လုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများ၊ ဥပဒေအရာရှိများ လိုက်နာကျင့်ကြံရမည့် တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တောင်ငူနှင့် မဟာအောင်မြေမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၃

၂၀၀၆ခုနှစ် ဒီဇင်ဘာ၃၁ရက် နံနက် ၁၁နာရီ ၁၅မိနစ်က ပဲခူးတိုင်း တောင်ငူမြို့(၂)ရပ်ကွက် နန်းဇေယျာလမ်း ဒေါ်မိုးအေး၏ နေအိမ်၌မီးဖိုမီးမွှေးရာမှမီးလောင်မှု စတင်ဖြစ်ပွားသဖြင့် သန္ဓေ၊ အရန်၆၀ဖြင့် စုပေါင်း၍ငြိမ်းသတ်ခဲ့ကြရာ နံနက်၁၁နာရီ ၃၅မိနစ်တွင် မီးငြိမ်းသည်။ တဲတစ်လုံး၊ အိမ်ခြောက်လုံး မီးလောင်ခံရပြီး ကျပ်သုံးဆယ့်ငါးသိန်းခန့် ဆုံးရှုံးခဲ့သည်။

အလားတူ ယင်းနေ့ည၁၁နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက် အကွက် (၃၇၅) ဦးမောင်မောင်နိုင်၏ နေအိမ်၌ခြင်ထောင်အနီး ဖယောင်းတိုင် မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် သန္ဓေ၊အရန်အင်အား ၄၅ဦးဖြင့် စုပေါင်းငြိမ်းသတ်ခဲ့ရာ ည ၁၁နာရီခွဲတွင် မီးငြိမ်းသည်။ အိမ်နှစ်လုံး အနည်းငယ်မီးလောင်ခံရပြီး ငွေကျပ် တစ်သောင်းငါးထောင်ခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ကျောင်းသားဟောင်းများ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ယဉ်ကျေးမှုတက္ကသိုလ် (၁၉၉၃-၂၀၀၇) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့)တွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ကိုခင်မောင်ဌေး ဖုန်း-၀၉-၅၁-၄၉၂၁၆၊ ကိုမောင်မောင်ဇော်ထက် ဖုန်း-၇၀၆၉၇၈၊ ကိုသန့်ဇော်မင်းလတ်ကြူ ဖုန်း-၅၅၉၉၈၉၊ မနန္ဒခင် ဖုန်း-၅၉၀၂၆၂ လိုင်းခွဲ ၁၁၈၊ ကိုကျော်သူရဝင်း ဖုန်း-၀၉-၅၀-၄၃၂၈၇၊ မသင်းသင်းနွယ် ဖုန်း-၀၉-၅၁-၁၂၀၇၆၊ ကိုရဲအောင်သန့် ဖုန်း-၀၉-၅၀-၁၉၉၈၄၊ ကိုအောင်မျိုးမြတ် ဖုန်း-၅၄၆၅၁၉၊ ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၈၀-၂၄၀၇၂၊ ကိုစည်သူအောင် ဖုန်း-၇၂၃၂၉၅၊ ကိုစန်းနိုင်ဖြိုးဝေ ဖုန်း-၅၀၅၇၁၁ နှင့် ကိုဇော်ထက်ကို ဖုန်း-၅၀၁၃၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဒီဇင်ဘာ၂၈ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ခွဲစိတ်ကုသခံထားရသော အသင်းဝင်တစ်ဦးအား မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်ဇော်က ထောက်ပံ့ပေးငွေများ ပေးအပ်စဉ်။

(က-ပ)

အရန်သားဖွားဆရာမသင်တန်းဆင်းပွဲ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၂၀

မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဖွင့်လှစ်ပေးခဲ့သည့် အရန်သားဖွားဆရာမများ သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀နာရီက သူနာပြုသင်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးသန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်နှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးသန်း၊ ဆေးရုံအုပ် ဒေါက်တာဦးကိုကိုကြီးနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူသီးများ အလေအလွင့်မရှိခူးယူ အပင်များပိုးမွှား အန္တရာယ်ကာကွယ်၊ ပေါင်းမြက်များရှင်းလင်း ဆောင်းသီးနှံ ပီလောပီနံစိုက်ပျိုးရေးအတွက် မြေယာပြုပြင်

မန္တလေး ဒီဇင်ဘာ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဒီဇင်ဘာ ၁၆ ရက် နံနက် ၈နာရီခွဲက ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန အမှတ်(၁)ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့သွားရောက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအတွင်း ခြံစည်းရိုးကြက်ဆူပျိုးစင်အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် ပျိုးထောင်ထားသော ကြက်ဆူပင်များနှင့် ကိုင်းဖြတ်ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်မှုကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးခင်မောင်ဆွေက ခြံစည်းရိုးကြက်ဆူပင်များ အစေ့ပျိုး၍ ပျိုးထောင်ထားမှု၊ ထပ်မံ၍ ကိုင်းဖြတ်ပျိုးထောင်ထားမှုအခြေအနေနှင့် ခြံစည်းရိုးကြက်ဆူသီးများခူးယူရရှိမှု၊ အစေ့ခြွေရရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က ဌာနဆိုင်ရာလုပ်ကွက်များအလိုက် စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူသီးများ အလေအလွင့်မရှိ ခူးယူရရှိရေး၊ အချို့ကို မျိုးအဖြစ် စနစ်တကျထားရှိရေး၊ အချို့ကို ဇီဝကြက်ဆူဆီအဖြစ် ကြိတ်ခွဲအသုံးပြုရေး၊ အပင်များ ပိုးမွှားအန္တရာယ်ကာကွယ်ရေးတို့အတွက် မှာကြားပြီး ဌာနအလိုက် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများတွင် အသီးခြွေမှု၊ ပေါင်းမြက်များ ရှင်းလင်းမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဆောင်းသီးနှံ ပီလောပီနံစိုက်ပျိုးရေးအတွက် မြေယာပြုပြင်မှုကိုလည်းကောင်း၊ ကြက်ဆူဆီအစေ့မှ ပြည်တွင်းဖြစ်စက်၊ တရုတ်နိုင်ငံလုပ်စက်တို့ဖြင့် ဇီဝကြက်ဆူဆီ ထုတ်လုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဝက်မွေးမြူရေး အကောင် ၁၀၀၀ စီမံကိန်း ဝက်ခြံအတွင်း ဝက်ကြီး၊ ဝက်လတ်၊ ဝက်ငယ်များ အစာကျွေးမွေးမှု၊ မျိုးဝက်မကြီးများ ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူထားသော ဝက်များ ကျန်းမာရေးကိုဂရုစိုက်ရေး၊ ဝက်စာအချိန်မှန် ဝလင်စွာ ကျွေးမွေးရေးတို့အတွက် ခြံတာဝန်ခံနှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးလုပ်ငန်း ဖြစ်သော ဝဲရက်ကျေးရွာ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန် တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ဆုရသူများအား ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းပွဲ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့၌ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၁၃

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်ပြည်သူများက အပ်ချုပ်စက်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁နာရီက တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အပ်ချုပ်ဆိုင်ဖွင့်လှစ်နိုင်ရေးအတွက် စေတနာရှင်များက အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များက လက်ခံယူကြသည်။ **(အောက်ပုံ)** (၄၂၀)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ စာစီစာကုံးပန်းချီနှင့် ကာတွန်းဆုရသူများ ဆုပေးအပ်ချီးမြှင့်

ယင်းမာပင် ဒီဇင်ဘာ ၁၂

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၅ရက် ညနေ ၅နာရီက ယင်းမာပင်မြို့နယ် သာယာအေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလေးအောင်က ယင်းမာပင် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံးဆု ရသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်ကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရသူများကို ဒေါက်တာလေးအောင်က လည်းကောင်း၊ ပန်းချီဆုရသူ မတိုးတိုးဌေးအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်သောင်းကလည်းကောင်း၊ ကာတွန်းဆုရသူ မောင်ချမ်းမြေ့အောင်အား မြို့နယ် တရားသူကြီး ဦးတင့်လွင်က လည်းကောင်း၊ ပိုစတာ ဆုရသူ မအေးအေးအောင်အား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ချိုချိုကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့တွင်းလမ်းများ ဖာထေးပြုပြင်

ပုသိမ် ဒီဇင်ဘာ ၂၀

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပုသိမ်မြို့တွင်း လမ်းပေါက်များ ဖာထေးပြုပြင် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ရက်က မဟာဗန္ဓုလလမ်းမကြီး တစ်လျှောက် လမ်းပေါက်များ ဖာထေးပြုပြင်နေမှု လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်
၅-၁-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ပဲမျိုးစုံ အထွက်တိုးရေး)
၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဒန့်ဒလွန်ပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အလှဆုံးအိမ်)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် (တွံတေးသိန်းတန်)
(၂) ပင်မြင့်စံ (ကမ္ဘောဇမေသင်းရီ)
(၃) သီပါလေစဆောင်းမင်းသမီးရယ် (တက္ကသိုလ်ကိုကိုဇော်)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ထိန်းသိမ်းကာကွယ်ရမှာ လွတ်လပ်ရေးပါ (ခေါင်းကြီး)
(၂) အသက်နှင့်ယှဉ်၍ (ဆောင်းပါး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အလှပျက်မှာ စိုးကြောက်မိတယ်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ် တူရိယာအဖွဲ့ (ဂီတကြယ်စင်ကာလပေါ်)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်သူရှေ့မှောက်ရောက်လေသောအခါ (ခင်မောင်ကြည်)
(၂) ချစ်ထုံးရယ်ဖြေ (လေး)
(၃) မျက်ရွှဲဒါလီ (ကိုမောင်မောင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒေါ်ခင်လှ မိသားစုကောင်းမှု ၁၀၇၆ ရာဇသူရလမ်း ၇ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့က အလှူတော်ငွေကျပ်တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

ရေး ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဟံဂံကျေးရွာနေ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် လေးလက်မစက်ရေတွင်းတူးဖော်ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၁၂ရက်က စက်ရေတွင်း ရေထွက်နှုန်း အရည်အသွေးများ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖခင်ဦးခင်မောင်ကို - မိခင်ဒေါ်ယဉ်မေနှင့် အစ်ကိုများအား ဦးထိပ်ထား၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်(၁၄/၁)ရပ်ကွက် ၁၁ လမ်း အမှတ် ၁၇၄(၁)နေ မအေးမင်းက ဒဂုံမြို့နယ် အမှတ်၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟင်္သာတမြို့ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း သောက်ရေသန့်စက်ဖွင့်၊ ပညာရည်ချွန်ဆုချီးမြှင့်

ဟင်္သာတ ဒီဇင်ဘာ ၂၈

ဟင်္သာတမြို့ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်းတွင် သောက်ရေသန့်စက်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက်၉နာရီက သင်ထောက်ကူပစ္စည်းခန်းမ၌ ကျင်းပရာ အလှူရှင်ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသန်းရွှေ(ရတနာသစ်စက်)နှင့် ဗိုလ်ကြီးကျော်စိန်(ငြိမ်း)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျောင်းသူကျောင်းသားများက မြန်မာကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်နိုင်၊ ပညာရေးဌာနမှဆရာမကြီးဒေါ်တင်မြင့်တို့က အမှာစကားပြောကြားကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသန်းရွှေက သင်ထောက်ကူခန်းမနှင့် ရေသန့်စက်လှူဒါန်းရခြင်းကို ရှင်းလင်းဆွေးနွေးပြီး လှူဒါန်းသော ပစ္စည်းနှင့် စာရွက်စာတမ်း၊ အထိမ်းအမှတ် ပစ္စည်းများကို မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်နိုင်သို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ထို့နောက်ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော နှစ်သိမ့်ဆွေးနွေးပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက် ၈နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင် အမှာစကားပြောကြားစဉ်။ (ပြည်နယ် အမျိုးသမီးရေးရာ)

(၁၀၈)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃

မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အာသာဝတီ(၁)လမ်း အမှတ် (၃၂)နေ ဦးအေးကို **(အပေါ်ပုံ)**သည် ဒီဇင်ဘာ၂၀ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် မြောက်ဥက္ကလာပ သွေးလှူရှင်အသင်းမှ ကျင်းပသော စုပေါင်းသွေးလှူပွဲတွင် (၁၀၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့ တွင်း လမ်း များ ကောင်း မွန် ရေး အတွက် ရပ်ကွက် (၅) စည်ပင်သာယာ လမ်း တစ် လျှောက် လမ်း ပေါက် များ ပြုပြင် ဖာထေးခြင်း လုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၄ရက်က အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လူငယ်များအတွက် မှတ်သားဖွယ်ရာ အဖြာဖြာသင်တန်းဖွင့်

မိုင်းဖြတ် ဇန်နဝါရီ ၂

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ကြီးမှူး၍ လူငယ်များအတွက် မှတ်သားဖွယ်ရာ အဖြာဖြာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၇ရက် မွန်းလွဲ၁၂နာရီခွဲက ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ဇနီး ဒေါ်အေးအေးနွဲ့၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ခရိုင်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်အေးအေးနွဲ့က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်သူ ဒေါ်အေးသန္တာက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ဥက္ကလာပမြို့နယ် (င/က)ရပ်ကွက် သံသုမာလမ်း အမှတ် (၃/၄၆)နေ ဒေါ်ကြည်ကြည်အိနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

မာရသွန်ပြိုင်ပွဲများ သံဖြူဇရပ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာအားကစားလ လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ၁၇ရက်က ကျိုက္ခမီမှ သံဖြူဇရပ်သို့ အမျိုးသား မာရသွန် ၁၅မိုင်၊ ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဘုရားဝင်း၌ လည်းကောင်း၊ အမျိုးသမီး မာရသွန် ၁၀မိုင်ပြိုင်ပွဲကို သံဖြူဇရပ်မြို့နယ် ဆင်တောင်ကျေးရွာ၌ လည်းကောင်း ကျင်းပကြသည်။

ပြိုင်ပွဲတွင် အမျိုးသားပထမဆုရ မောင်သက်ပိုင်ဦး၊ ဒုတိယဆုရ မောင်မြင့်ဦး၊ တတိယဆုရ မောင်ကျော်ကျော်တို့အား မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်က လည်းကောင်း၊ အမျိုးသမီး ပထမဆုရ မသူဇာ၊ ဒုတိယဆုရ မဖြူဝါ၊ တတိယဆုရ မနှင်းနှင်းအေးတို့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတို့က လည်းကောင်း၊ ကျန် ဆုရရှိကြသူများအား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးနိုင်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မအူပင်မြို့ကျောင်းလမ်းနှင့် (၄)လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၀ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်တိုးတိုးအောင် ကြီးကြပ်ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မြေယာရှုခင်း အလှပြုပြင်

ကောလင်း ဒီဇင်ဘာ ၂၅

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဒီဇင်ဘာ ၁၄ရက်နှင့် ၁၅ရက်တို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ ဦးစီးမှူး ဦးသန့်နိုင်နှင့် ဝန်ထမ်းများ စုပေါင်း၍ မြို့နယ် စည်ပင်သာယာဈေး၊ ဘူတာနယ်မြေနှင့် မြို့နယ်ရုံး ဝန်းကျင်များ၏ မြေကွက်လပ်များတွင် မြေယာရှုခင်းအလှများ ပြုပြင်ဆောင်ရွက်ကြသည်။ **(ဝ၂၆)**

ပရိသတ်စိတ်အာရုံကို သိမ်းကျုံးဖမ်းစားနိုင်ခဲ့သည့် သရုပ်ဆောင်သျှားညို၏ Found Happening Project ပြပွဲ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

"မိမိကိုယ်ကို နေ့စဉ်နဲ့အမျှ အာရုံငါးပါးဖြင့် လာပြီး ထိတွေ့သမျှ အဖြစ်အပျက် အားလုံးဟာ ဆင်ခြင် တွေးတောစရာတွေချည်းပါပဲ။ ကျွန်တော်တို့တစ်တွေဟာ အဲ့ဒီလို အမြဲမပြတ် ဆင်ခြင်နေကြ

"သူ့အတိုင်းရှိနေတဲ့ ပစ္စည်းကို Art Work အဖြစ် တင်ပြတာ မျိုး ကို Found object လို့ ခေါ်ရင်သူ့အတိုင်း ဖြစ် နေ တဲ့ အဖြစ် အပျက်တွေကို တင်ပြလိုက် တာဟာ Found Happening လို့ ပြောရမှာပေါ့"ဟု ရုပ်ရှင်သရုပ်ဆောင် သျှားညိုက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မယ်ဆိုရင် ....သူ့အတိုင်းရှိနေတဲ့ ပစ္စည်းကို Art-work အဖြစ် တင်ပြတာမျိုးကို Found Object လို့ ခေါ်ရင် သူ့အတိုင်း ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို

> **ပန်းပုနဲ့ ကားတွဲပြီး ပြသတဲ့အခါ ပန်းပုအသစ်ဖြစ်ပေါ်လာတယ်၊ အဲဒီပန်းပုတွေက လူတွေကြားထဲ တိုးဝင်သွားတဲ့ သဘော၊ ပတ်ဝန်းကျင်ထဲ စိမ့်ဝင်သွားတဲ့ သဘောပါ။ ဒီအခါမှာ တုံ့ပြန်မှု၊ ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာမယ်။**
>
> **အရင်က တစ်နေရာတည်းမှာ ပြသခဲ့ပေမယ့် အနုပညာဆိုတာ အစည်းအတား၊ အကန့်အသတ် မရှိဘူးဆိုတာရယ်၊ ရွေ့လျားနေတဲ့ ပန်းပုအနုပညာကို လူတွေ သိမြင်ခံစားရအောင်လို့ အခုလို စီစဉ်လိုက်တာပါ။**

တင်ပြ လိုက်တာက Found Happening လို့ ပြောရမှာပေါ့" ဟု ပြောကြားသည့် ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ "Found Happening Project" ဖွင့်ပွဲ အစီအစဉ်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်များနှင့်သတင်းမီဒီယာသမားများ စုံစုံလင်လင် တက်ရောက်ခဲ့ပြီး အဖွင့်အမှာစကား

ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ စတီးလ်ဖြင့် ပြုလုပ်ထားသော အနုပညာပစ္စည်း ခုံးကျော်တံတားကို တွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးသောင်းဟန်က ပြောကြားသည်။

စိတ်ကူး အတွေးအခေါ် ဆန်းသစ် မြင့်မားသော ရုပ်ရှင်သရုပ်ဆောင် သျှားညိုက သူပြုလုပ်တင်ပြထားသော စတီးလ်ပန်းပု အနုပညာလက်ရာများကို မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ အတွင်း လှည့်လည်ပြသခြင်းဖြင့် ပရိသတ်စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

စတီးလ်များဖြင့် ပြုလုပ်သော ခုံးကျော်တံတား၊ ချားရဟတ်၊ ဘတ်စ်ကားမှတ်တိုင်၊ လွတ်လပ်ရေးကျောက်တိုင်၊ အထပ်မြင့်အဆောက်အအုံ၊ လျှပ်စစ်ဓာတ်မီးတိုင်၊ နန်းမြင့်မျှော်စင်နှင့် နာရီစင် စသည့် အနုပညာပစ္စည်း(၁၀)မျိုးကို မော်တော်ယာဉ် ၁၀ စီး ပေါ်တင်၍ အမျိုးသားပြတိုက်မှ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလတံတား၊ ယမုံနာလမ်း၊ ရှုခင်းသာလမ်းမှ တိုင်းရင်းသားကျေးရွာရှိ နန်းမြင့်မျှော်စင်အထိ မောင်းနှင် ပြသခဲ့ခြင်း ဖြစ်သည်။

"ပန်းပုနဲ့ ကားတွဲပြီး ပြသတဲ့

ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ Found Happening Project ဖွင့်ပွဲကို ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အခါ ပန်းပုအသစ် ဖြစ်ပေါ်လာတယ်၊ အဲဒီ ပန်းပုတွေက လူတွေကြားထဲ တိုးဝင်သွားတဲ့ သဘော၊ ပတ်ဝန်းကျင်ထဲ စိမ့်ဝင်သွားတဲ့

ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ စတီးလ်ပစ္စည်းဖြင့် ပြုလုပ်ထားသော အနုပညာပစ္စည်း(၁၀)မျိုး သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှိ နန်းမြင့်မျှော်စင်ရှေ့တွင် အများပြည်သူများ ကြည့်ရှုရန် ရောက်ရှိလာစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

သဘောပါ။ ဒီအခါမှာ တုံ့ပြန်မှု၊ ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာမယ်" ဟု သရုပ်ဆောင် သျှားညိုက ပြောကြားသည်။

မှန်သည်။ ပန်းပုများတင်ဆောင်ထားသည့် ယာဉ်တန်းဖြတ်သန်းရာလမ်းတစ်လျှောက်တွင် အတန်ကြာ ငေးမော ရပ်ကြည့်နေသူများ၊ ဝေဖန်ပြောကြားနေသူများ၊ တအံ့တဩ ကြည့်ရှုနေကြသူများကို လမ်းဘေးဝဲယာ၌ မပြတ်တမ်း တွေ့မြင်ရသည်။ ကိုယ်စီရင်၌ တစ်စုံတစ်ခုစီ ခံစားနေကြရမည်မှာ သေချာသည်။

ထို့အပြင် လမ်းတစ်လျှောက် ရပ်ကြည့်ခံစားနေသူများအား ကိုသျှားညို၏ အတွေးအခေါ် တစ်ပိုင်း တစ်စပါဝင်သော လက်ကမ်းစာတ်ပုံများကို ဝေငှပေးရာ မည်ကဲ့သို့သော အနုပညာခံစားမှုဆိုသည်ကို ရှင်းလင်းစွာ အသိပေးသလို ဖြစ်စေခဲ့သည်။

သာကေတရှိ တိုင်းရင်းသားကျေးရွာအတွင်း နန်းမြင့်၌ မော်တော်ယာဉ်များ ခေတ္တရပ်နားပြီး ပြည်သူများအား ပြသခဲ့သည်။

ရုံးပိတ်ရက်ဖြစ်သဖြင့် တိုင်းရင်းသားကျေးရွာအတွင်း လူစည်ကားနေရာ သရုပ်ဆောင် သျှားညို၏ စတီးလ်ပန်းပု အနုပညာများကို အံ့ဩ ငေးမောနေကြသူများက ရှုထောင့်အမျိုးမျိုးမှ ဝေဖန်နေကြသည်ကို တွေ့ရသည်။

"အရင်က တစ်နေရာတည်းမှာ ပြသခဲ့ပေမယ့် အနုပညာဆိုတာ အစည်းအတား၊ အကန့်အသတ်မရှိဘူး ဆိုတာရယ်၊ ရွေ့လျားနေတဲ့ ပန်းပုအနုပညာကို လူတွေ သိမြင်ခံစားရအောင်လို့ အခုလို စီစဉ်လိုက်တာပါ" ဟု သျှားညိုပြောစကားနှင့် ပရိသတ်အမြင်သည် ကွက်တိဖြစ်လျက် ရှိနေသည်။

အပြန်တွင် သာကေတအဝိုင်း၊ ရောဝဏ်လမ်း၊ သံသုမာလမ်း၊ ရွှေဂုံတိုင်၊ ဦးဝိစာရလမ်း၊ ဓမ္မစေတီလမ်းမှ ပြည်လမ်း အမျိုးသားပြတိုက်သို့ ပြန်ရောက်ခဲ့သည်။ **"မြန်မာနိုင်ငံမှာတော့ ပထမဦးဆုံးအကြိမ် ထူးထူးခြားခြား ပြသခဲ့တဲ့ အနုပညာပြပွဲပါပဲ၊ မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များ အစည်းအရုံးဝင်တစ်ဦးရဲ့ ကြိုးစားအားထုတ်မှုဟာ ဂုဏ်ယူစရာ၊ လေးစားစရာ ကောင်းပါတယ်"** ဟု မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးသောင်းဟန်က ချီးမွမ်းစကားဆိုခဲ့သည်။

ရွေ့လျားနေသော ပန်းပု အနုပညာကိုထိထိရောက်ရောက် တင်ပြပေးနိုင်ခဲ့သော သရုပ်ဆောင် သျှားညို၏ "Found Happening Project"သည် အောင်မြင်မှုရရှိခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

"မြန်မာနိုင်ငံမှာတော့ ပထမ ဦးဆုံး အကြိမ် ထူးထူးခြားခြား ပြသခဲ့တဲ့ အနုပညာပြပွဲပါပဲ" ဟု မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်း အရုံးဗဟိုဥက္ကဋ္ဌ ဦးသောင်းဟန်က ချီးမွမ်းစကား မြန်မာ့အလင်းသို့ ပြောကြားစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ မွန်ပြည်နယ်အတွင်းရှိ ဘုရားများ ဆီမီး၊ နံ့သာပူဇော်

ရန်ကုန် ဇန်နဝါရီ ၃

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ မွန်ပြည်နယ်အတွင်းရှိ ကျိုက်သလ္လံ(မော်လမြိုင်)၊ ကျိုက်ကွ္ခမိ (သံဖြူဇရပ်) စေတီတော်များအား ဆီမီး၊ နံ့သာ ၉၉၀၀ စီ ကပ်လှူပူဇော်ပွဲနှင့် ကျိုက်ထို၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်နှင့် ပေါင်မြို့နယ်များအတွင်းရှိတန်ခိုးကြီးဘုရားများအား ဆီမီး၊နံ့သာပူဇော်ပွဲကို ဒီဇင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပသည်။

မော်လမြိုင်မြို့ ရေးဟောင်းသမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဆီမီး၊ နံ့သာ ၉၉၀၀စီ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ ဆရာတော်ဘဒ္ဒန္တ ဝိမလ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဆရာတော်များက ကျိုက်သလ္လံစေတီတော်မြတ်ကြီးနှင့် မဟာဒုက်ဘုရားများအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ပဋ္ဌာန်းဓမ္မာရုံ၌ ဘဒ္ဒန္တ ဝိမလထံမှပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အလှူရှင်များက ဦးမြင့်စိုး-ဒေါ်မြင့်မြင့်စိုး မိသားစု၏ လှူဒါန်းသည့် ဆွမ်းဆန်တော်ငါးအိတ် အပါအဝင် ဆွမ်းဆန်တော်ခုနစ်အိတ်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူတော်ငွေများကိုဆက်ကပ်လှူဒါန်းကြပြီး ကျိုက်သလ္လံစေတီတော်ကြီးအတွက် အလှူတော်ငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လက်ခံ၍ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြသည်။

အလားတူ ကျိုက်ခ္ခမိဆံတော်ရှင် ရေလယ်ဘုရားအား ဆီမီး၊ နံ့သာ ၉၉၀၀စီ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက်ညက ကျင်းပသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)မှ အဖွဲ့ဝင်များနှင့် ရွှေလမ်းခရီး ဘုရားစုံပို့ဆောင်ရေးမှ ဒေါ်စိန်စိန်မြင့် မိသားစုတို့က မော်လမြိုင် စံပြအကျဉ်းထောင်မှ ပြစ်ဒဏ်ကျနှင့် အချုပ်ကျများအား အသားဟင်းတစ်နပ်အတွက် အလှူငွေကျပ်၆၃၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က တာဝန်ခံအရာရှိ ရုံးခန်း၌ကျင်းပရာ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြဲဆစ်အောင်ထံ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

မြဝတီမြို့ ပြည်နိုင်ဖြိုးလမ်း ကတ္တရာခင်းလမ်း အမာခံရရှိရန် ကျောက်ရောမြေခင်းခြင်းနှင့် ကျောက်စုဆောင်းထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့် နိုဝင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဦးအောင်ပန်း၊ ဦးအေးမောင် တို့အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော် မြို့နယ် မဟာ ဗန္ဓုလလမ်း အမှတ် (၈၁၅)နေ ဒေါ်လှလှတိုး နှင့် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ပွင့်ဖြူမြို့ ကံသာကြီး-ကျောင်းတော်ရာ ကျေးလက်အမာခံ ကျောက်ချော ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၁ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးလှငွေး ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက် စက်ရေတွင်း တူးဖော်ဆောင်ရွက်

ညောင်ဦး ဒီဇင်ဘာ ၂၅

ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဖျောက်ဆိပ်ပင်ကျေးရွာတွင် ပေ ၇၀၀အနက်ရှိ လေးလက်မ စက်ရေတွင်း တူးဖော်မှုကို ဒီဇင်ဘာ ၁၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ်၍ အင်ဂျင်နီယာအဖွဲ့ဖြင့် တူးဖော်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်မှုလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အထူးမွမ်းမံ သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ဆီဆိုင်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကား ပြောကြားစဉ်။ (ဝ၄၈)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၀

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးကျော်စွာမြင့် ၂။ ဒေါ်သီသီအေး

တရားနိုင် **တရားရှုံး**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၂၄၃ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ် (၁၉/ခ)ပြည်သာယာ ဦးပိုင်အမှတ် (၃/က) မြေကွက် အမှတ် (၃) မြေဧရိယာ ၀ဒသမ၀၄၀ ဧကရှိမြေနှင့် မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက် ကွင်း (၁၉/၁) ဦးပိုင်(၄၂) ၊မြေကွက်အမှတ် (၄၂)၊ မြေဧရိယာ ၀ဒသမ ၀၈၀ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်၊ နှစ်ထပ်နှင့် စက်ရုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၅၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စီစီ
တွဲဖက်တိုင်းတရားသူကြီး(၅)
မန္တလေးတိုင်းတရားရုံး။

မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီးမှ (၁၁၁)နှစ်မြောက် ဆွမ်းဆန်တော် လှူဒါန်းနိုင်ရန် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့မှစ၍ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းများသို့ အလှူခံထွက်ပါမည်။

အမှုဆောင်အဖွဲ့
မလွန်ဈေး ဆန်လှူအသင်းကြီး
မန္တလေးမြို့။



အမည်ပြောင်း အဖ ဦးကျော်ဆန်း၏ သမီး အမက (၁၉) စတုတ္ထတန်း(က) ပုသိမ်မြို့မှ မလှိုင်ယဉ်မွန်မင်းအား မအေးကျော့မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မအေးကျော့မိုး။**

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း

ဦးအောင်ကြည် (B.A, Law LL.B)

တရားရုံးချုပ်ရှေ့နေ (၄-၁၂-၂၀၀၆)

အစ်ကို-

ညီမလေးတို့ မိသားစုမေတ္တာရိပ်မှ ခွဲထွက်သွားတာ (၁)လပြည့်ခဲ့ပြီ၊ အစ်ကို့အတွက်ရည်စူးပြီး နေ့စဉ်ပြုလုပ်သော ကုသိုလ်၊ ခုနစ်ရက်ပြည့် ဆွမ်း၊ သင်္ကန်းအလှူ၊ (၁)လပြည့် ဆွမ်းနှင့် သင်္ကန်း၊ သံဃာသုံးပစ္စည်းများအလှူတို့ကို အစ်ကိုနှင့်သမီးလေး ဇင်မာအောင်ကြည်(ခ)မစိန်ပုံ တို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝသို့ရောက်ရှိပြီး သာဓုခေါ်နိုင်ပါစေ။ ညီမလေးတို့ မိသားစု ပြုလုပ်သော ကုသိုလ်ဒါနကို ထပ်တူထပ်မျှ ရရှိပါစေ- အမျှ- အမျှ- အမျှ

ကြေကွဲဝမ်းနည်းစွာဖြင့်-

ချစ်ဇနီး-ညီမလေး
ဒေါ်ခင်သန်းအေး (မြို့နယ်ဥပဒေအရာရှိ မင်္ဂလာဒုံမြို့နယ်)
ချစ်သား-ကိုဖြိုး
ဗိုလ်ဖြိုးအောင်ကြည် (B.C.Sc, D.S.A) ရန်ကုန်။



(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

ဂျပန်နိုင်ငံ

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အာကီဟီတိုထံမှ သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထ ဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၇)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၇)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၇)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၅/၂၀၀၇)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၆/၂၀၀၇)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၇/၂၀၀၇)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၈/၂၀၀၇)ကို လည်းကောင်း ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၂ ပါး၊ မဟာဓမ္မကထိကဗဟုဇန ဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခုနစ်ပါး၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၄၈ ပါး၊ သီလရှင်လေးပါး စုစုပေါင်း ၅၂ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၆ ပါး၊ သီလရှင်ခြောက်ပါး စုစုပေါင်း ၆၂ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၁ ပါး၊ သီလရှင် ၁၀ ပါး စုစုပေါင်း ၃၁ ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် *စာမျက်နှာ ၉ ကော်လံ ၅* ❒

လှော်ကား ဓာတ်အားပေး စက်ရုံ

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် လှော်ကားဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေး အလေးထား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှော်ကားဓာတ်အားပေးစက်ရုံကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၃၁ ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် လှော်ကားဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးသိန်းဇော်က သဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်းက အမှတ်(၃) သံမဏိစက်ရုံဓာတ်အား ရရှိမှုတွင် ဗို့အားအတက်အကျဖြစ်ပေါ်ရခြင်း အကြောင်းရင်းများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးထွန်းအေးက သံမဏိစက်ရုံသို့ လှော်ကားစက်ရုံမှ 66 KV ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးမှု အခြေအနေများနှင့် ရွာမစက်ရုံမှ 33 KV ဓာတ်အားလိုင်းပေးထားမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၃* ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

❒ **ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ ရလဒ်ကောင်းများနှင့်အတူ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများကို တိုးတက်ရရှိနေပြီ။**

တက္ကသိုလ်မောင်သုလိုင်၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်မှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဆောင်းပါး (အထူးထုတ် ဃ၊ ခနှင့် ဂ)

❒ **လွတ်လပ်သော မြန်မာပြည်** — မြင့်မှူမောင်နိုင်မိုး၏ ကဗျာ (အထူးထုတ်-ဂ)

❒ **ပြည်သူ့သဘောထား** — မင်းဦး (ဒဿန)၏ ကာတွန်း (စာ–၉)

လွတ်လပ်ရေးနေ့ အထူးထုတ် ပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုအထူးထုတ် ရောင်စုံအချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။ (မြန်မာ့အလင်း)